မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၂၅ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၃၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အာဂျင်တီးနားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၂၅

၂၀၀၅ခုနှစ် မေ ၂၅ရက်၌ကျရောက်သော အာဂျင်တီးနားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အာဂျင်တီးနားသမ္မတနိုင်ငံ သမ္မတ နက်စတာ ကာလို့စ် ကာချပ်စ်နာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် မေ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Xu Rongkai နှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အောက်ပုံ)

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun လည်း တက်ရောက်သည်။ **(သတင်းစဉ်)**



ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Xu Rongkai နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ ဇွန်လ ၂၈ ရက် စတင်ကျင်းပမည် နိုင်ငံသားကျောက်မျက် ရတနာလုပ်ငန်းရှင်များ တက်ရောက် ဝယ်ယူနိုင်

ရန်ကုန် မေ ၂၄

ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကို ဇွန် ၂၈ရက်မှစ၍ မြန်မာ့ကျောက်မျက် ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ အထူးရောင်းချပွဲသို့ တက်ရောက်ဝယ်ယူ ခွင့်ပြုမည်ဖြစ်သည်။

စီစဉ်ပေးမည်

ထို့အပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများရောင်းချခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များအား ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကာလအတွင်း အထူးရောင်းချပွဲကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်တွင် ကျောက်မျက်ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲသို့ တက်ရောက်လိုသူများနှင့် ကျောက်မျက်ရတနာများ ရောင်းချရန် အရောင်းကောင်တာများ ရယူလိုသူများသည် မေ ၂၆ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာဈေးကြီးကြပ်ရေးအဖွဲ့များနှင့် ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မေလ ၂၅ ရက်)

တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုကိုအခြေခံ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုတိုးပွားခိုင်မာအောင် ကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းရင်းသားပြည်သူများ၏ အကျိုးကို ရှေးရှုပြီး ဒေသတစ်ခုချင်းဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံးကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို စနစ်တကျအကွက်ချ စီမံဆောင်ရွက်ပေးလျက် ရှိသည်။

ဒေသဖွံ့ဖြိုးရေးအစီအမံများကို တစ်နိုင်ငံလုံးဖြန့်ကြက်စီမံဆောင်ရွက်ပေးလျက်ရှိရာ၌ လမ်း၊ တံတားများ ဒေသအသီးသီးတွင် ပေါ်ထွက်လာသဖြင့် နိုင်ငံတော်ကမျှော်မှန်းထားသော လမ်းပန်းဆက်သွယ်ရေး အစီအမံများမှာလည်း တဖြည်းဖြည်းချင်း ရုပ်လုံးပေါ်ပြည့်စုံလာပြီ ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု အားနည်းခဲ့ရသည့် တောင်တန်းဒေသများတွင် နိုင်ငံတော်အစိုးရက တည်ဆောက်ပေးနေသည့် လမ်း၊ တံတားစီမံကိန်းများ အောင်မြင်ပြီးမြောက်သွားသည့်အခါတိုင်း တောင်တန်းဒေသ၏ကူးသန်းသွားလာမှု၊ စီးပွားကုန်သွယ်မှု အရှိန်အဟုန်ဖြင့် သိသာထင်ရှားစွာ တိုးတက်ပြောင်းလဲဖြစ်ထွန်းလာသည်ကို အားရဖွယ်တွေ့မြင်နေရပြီ ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရှမ်းပြည်နယ်၏အချက်အချာကျသည့် ဒေသတိုင်းတွင်သာမက အခြားသော ပြည်နယ်၊တိုင်းဒေသများနှင့်ဆက်သွယ်ပေးသည့် ပြည်ထောင်စုလမ်းမကြီးများကို အဆင့်မြှင့်တင် ဖောက်လုပ်ပေးရန်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းနှင့်အရှေ့ပိုင်းတို့ကိုလမ်းခရီး တစ်ဆက်တစ်စပ်တည်းဖြစ်စေရန်၊ ရှမ်းပြည်နယ်အတွင်းရှိ မြို့ကြီးများအချင်းချင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး လမ်းများဆက်စပ်ယှက်သွယ်ဖောက်လုပ်ပေးရန်၊ ရာသီမရွေး သွားလာနိုင်အောင် အဆင့်မြှင့်တင်ပေးရန် ရည်ရွယ်လျက် စီမံကိန်းများကို စနစ်တကျချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

သာဓကအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၌ လွိုင်လင်-ပန်ကေတု-သီပေါလမ်း၊ ရွှေညောင်-ရပ်စောက်-ကျောက်ဂူ-နောင်ချိုလမ်း တို့ကို အဆင့်မြှင့်တင် ဖောက်လုပ်ပေးခဲ့သည့်အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)ဆက်သွယ်ရေးလမ်းကြောင်းများ တိုးပွားလာသည်ကို တွေ့မြင်နေရပြီဖြစ်သည်။

ထို့အပြင် လားရှိုး-မူဆယ်လမ်းမကြီးနှင့် ဆက်စပ်လျက် သိန်းနီ-ကွမ်းလုံ-ချင်းရွှေဟော်လမ်းကို တည်ဆောက် ပေးခဲ့ပြီး ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာရွှေထန် လမ်းပေါ်ရှိ တာပါးကူးတို့ဆိပ်တွင် သံလွင်မြစ်ကူး တာပါးတံတားကြီးကို တည်ဆောက်ပြီးစီး ဖွင့်လှစ်ခဲ့ပြီးဖြစ်၍ လားရှိုး-မူဆယ်လမ်းမကြီးနှင့် ဆက်စပ်နေသည့် သိန်းနီ-ချင်းရွှေဟော်လမ်းနှင့် ကွတ်ခိုင်-တာရွှေထန်လမ်းတို့မှတစ်ဆင့် တရုတ်နိုင်ငံနယ်စပ်အထိ တိုင်းရင်းသားပြည်သူများ လွယ်ကူစွာ ကူးသန်းသွားလာနိုင်ကြပြီဖြစ်သည်။

ရှမ်းပြည်နယ်အတွင်း သံလွင်မြစ်ကြီးခြားနေ၍ ဖွံ့ဖြိုးမှုနောက်ကျနေခဲ့ရသည့်အခြေအနေကို ကျော်လွှား နိုင်ရန်အတွက် နိုင်ငံတော်က တာကော်အက်တံတား၊ တာဆန်းတံတားနှင့်တာပါးတံတားတို့ကို တည်ဆောက် ပေးခဲ့သဖြင့် သံလွင်မြစ်အရှေ့ခြမ်းနှင့် အနောက်ခြမ်းဒေသများ တစ်ဆက်တစ်စပ်တည်း ဖြစ်လာပြီး ပြည်ထောင်စုကြီး၏ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွင် တစ်ပြေးညီ ယှဉ်တွဲပါဝင်လျက်ရှိသည်။

ယင်းကဲ့သို့ရှမ်းပြည်နယ်၌ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ၊ လမ်းပန်းဆက်သွယ်ရေး အခြေခံကောင်းများ အချိန်တိုအတွင်း တိုးတက်ဖြစ်ထွန်းလာခဲ့ခြင်းသည် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု၊ နိုင်ငံတော်က စေတနာရှေ့ထား အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးမှု၊ တိုင်းရင်းသားလူမျိုးများအကြား အပြန် အလှန်လေးစားချစ်ကြည်မှု၊ အပြန်အလှန်ကူညီဖေးမ ရိုင်းပင်းမှုများမှတစ်ဆင့် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။

သို့ဖြစ်ရာ အဆိုပါတည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကိုအခြေခံပြီး တိုင်းရင်းသား ပြည်သူ အားလုံးက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုတိုးပွား ခိုင်မာအောင် ကြိုးပမ်းဖော်ဆောင်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မက္ကာဒေးမီးယားနှင့် ကတ်တီမိုးကော်ဖီပျိုးပင်များ တိုက်ရိုက်ရေဖျန်းစနစ်ဖြင့် ပျိုးထောင်ထားရှိမှု တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် ဝန်ကြီးများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၄

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မေ၂၀ရက် မွန်းလွဲပိုင်းက တိုင်းစစ်ဌာနချုပ်၏ မက္ကာဒေးမီးယားနှင့် ကတ်တီမိုး ကော်ဖီပျိုးဥယျာဉ်အတွင်း တစ်နှစ်သားအရွယ်ရှိ မက္ကာဒေးမီးယားပျိုးပင် ၁၅၀၀၀၊ ကတ်တီမိုးကော်ဖီပျိုးပင် ငါးသိန်းတို့ကို တိုက်ရိုက်ရေဖျန်းစနစ်ဖြင့် စနစ်တကျ ပျိုးထောင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် နယ်မြေခံ တပ်ရင်း၏ ဆင်းရွှေလီအထူးအထွက်ကောင်းစပါး သုတေသနစိုက်ခင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့ မန်ဆူကျေးရွာအနီးရှိ ကောက်ကွေ့ချောင်းရေလှောင်တမံ အသစ်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ပြည်နယ်ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးကျော်ဝင်းက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဝန်ကြီးများက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေး၍ ရှုရပ်နေရာမှ လုပ်ငန်းခွင် အတွင်းကြည့်ရှုစစ်ဆေးကြသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် လားရှိုးမြို့နယ်၊ နားလျှံဒေသကုန်းမြင့် ယာမြေအမှတ် ၄ ဧက ၅၀၀၀ ဖော်ထုတ်ရေးစီမံကိန်းသို့ ရောက်ရှိကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များမှာကြား ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နောင်တော်ကြီးဒေသ ကိုယ့်အားကိုယ်ကိုး ပညာ့အလင်း စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မေ ၁၄ရက်က အဆိုပါကျေးရွာ မူလတန်းကျောင်း၌ ကျင်းပရာ သီပေါမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးစိုင်းသာလှိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာထောက်(၃) ဒေါ်သိင်္ဂီစိုးနှင့် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းဆန်ဆောတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၀၆)

ရန်ကုန်မြို့အမှတ်(၂၀) ဗောဓိရိပ်သာလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက် ဗဟန်းမြို့နယ်နေ ဒေါ်မေရီနှင့် သားမောင်ခန့်လင်းထက်တို့က ဖေဖေဦးကြောင်စုံနှင့် မေမေဒေါ်စီးတို့၏ ရွှေရတုမင်္ဂလာအထိမ်းအမှတ် အဖြစ် ငွေကျပ်တစ်သိန်းကို ဆွမ်း၊ ဆေးပဒေသာပင်အတွက် ရန်ကုန်မြို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၅-၅-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀ ၆။ မျိုးချစ်တပ်မတော်
၄း၄၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀ ၉။ အဝေးသင်ပညာရေး ပို့ချမှုအစီအစဉ် Clothing (ဒုတိယနှစ်-အင်္ဂလိပ်စာ အထူးပြု)
၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျောက်မဖြစ်တဲ့ နှလုံးသားရုပ်ကြွင်း"** (အပိုင်း-၂၀)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ ဗီစီဒီကျော်ကြားတေးများ
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟောဝန်က သိုင်းလုလင်"** (အပိုင်း-၂၂)

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ၏နောက်ဆုံးသီတင်းပတ်

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး

ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်တားဆီးရေး မြို့တော်စည်ပင်အတွင်းရေးမှူးနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၄

ကျန်းမာရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုအဖြစ် စုပေါင်းဆောင်ရွက်မှုကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၅)ရပ်ကွက်၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမြင့်အောင် တက်ရောက်အားပေး ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်ဆွေးနွေး

ရှေးဦးစွာ အတွင်းရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများသည် တောင်ဥက္ကလာပမြို့နယ် သုမင်္ဂလာလမ်းနှင့် သစ္စာလမ်းဆုံရှိ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ဌာနမှူး ဒေါက်တာတင်မောင်ဝင်း၊ တောင်ဥက္ကလာပမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်လှရွှေတို့က ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များအလိုက်ဝမ်းပျက်၊ဝမ်းလျှောရောဂါဖြစ်ပွားမှု၊ ကာကွယ်ကုသမှုနှင့် ကျန်းမာရေးပညာပေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကိုရှင်းလင်းတင်ပြကြပြီး အတွင်းရေးမှူးဦးမြင့်အောင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် အတွင်းရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများသည် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၅)ရပ်ကွက် မြင်သာ(၁)လမ်းနှင့် (၂)လမ်းတို့၌ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငွေပဒေသာပင် ၁၀၀၀ပြည့် ရေစက်ချအလှူမင်္ဂလာ

ရန်ကုန် မေ ၂၄

ဗဟန်းမြို့နယ် သာသနာ့ရိပ်သာရပ်ကွက်ရှိ မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့ (၁၂)ကြိမ်မြောက် ငွေပဒေသာပင်အပင်၁၀၀၀တွင် ပါဝင်လှူဒါန်းခဲ့ကြသောအလှူရှင်များစုပေါင်း ရေစက်ချပွဲကို မေ ၂၉ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ဟိတေသီဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကြွရောက်ကြရန်နှင့် ဖုန်း-၅၅၅၄၇၂ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဘွဲ့တံဆိပ်တော်ရဆရာတော် ဘဒ္ဒန္တ ဝါယမအား ဂုဏ်ပြုပူဇော်မည်

ရန်ကုန် မေ ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးကျောင်းတိုက် နာယကချုပ်ဆရာတော် ဘဒ္ဒန္တဝါယမ (သာသနဓဇ ဓမ္မာစရိယ ဒီဃဘာဏက) အရှင်မြတ်အား ဂုဏဝိသိဋ္ဌပူဇာ ဂုဏ်ပြုပူဇော်ပွဲကို ၁၃၆၇ခုနှစ် ကဆုန်လပြည့်ကျော်၇ ရက် (မေ ၂၉ ရက်) တနင်္ဂနွေနေ့နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးကျောင်းတိုက် တိုင်တစ်ရာ ကျောင်းတော်ကြီးတွင် ပူဇော်ကြမည်ဖြစ်ရာ ကြွရောက်ကြည်ညို ပူဇော်နိုင်ကြောင်းနှင့် ဖုန်း-၅၅၄၀၅၇၊ ၅၄၂၀၇၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရဲတပ်သားသစ် သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၂၄

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲတပ်သားသစ် သင်တန်း အမှတ်စဉ်(၂၀၀) သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၀ ရက်က အမှတ်(၂)ရဲလေ့ကျင့်ရေးသင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် စီမံရေးနှင့်လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီးဝင်းခေါင် တက်ရောက်အမှာစကား ပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ကျောင်းအုပ်ကြီး ဒုတိယရဲမှူးကြီးဝင်းခိုင်နှင့် ဦးစီးအရာရှိများ၊ နည်းပြများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းဆင်း သင်တန်းသားများ၏ မိဘဆွေမျိုးများ တက်ရောက်အားပေးကြသည်။

စံပြကျောင်းသားဆုကို ကသ-၁၃၀ ကျော်ဇင်ဦး၊ ဥပဒေထူးချွန်ဆုကို ကသ-၁၃အောင်ကျော်ငြိမ်း၊ စစ်ပညာထူးချွန်ဆုကိုကသ-၁၀၀ ရဲမင်းအောင်၊ ရဲကျင့်ဝတ် ထူးချွန်ဆုကိုကသ-၉ မင်းအောင်၊ သေနတ်ပစ် အကောင်းဆုံးဆုကို ကသ-၁၆၉ သဲဝမ်းသူတို့က ရရှိခဲ့ကြပြီး ဆုများကို စီမံရေးနှင့်လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီးဝင်းခေါင်က ချီးမြှင့်သည်။

(ပြည်ထဲရေး)

ပြင်ဦးလွင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ကျန်းမာရေးပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၂၄

ပြင်ဦးလွင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က စီစဉ်ဆောင်ရွက်သည့် သက်ကြီးရွယ်အိုစောင့်ရှောက်မှု၊ ပညာသင်စရိတ်ထောက်ပံ့မှုနှင့် ကျန်းမာရေးပညာပေး ဟောပြောပွဲကို မေ ၁၄ ရက် ညနေ ၃ နာရီတွင် သပိတ်ကျင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာအုပ်များပေးအပ်

အစီအစဉ်အရ ပြင်ဦးလွင်ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းတင့်နှင့် အဖွဲ့ဝင်များသည် သပိတ်ကျင်းမြို့နယ်မှ အသက်(၈၅)နှစ်နှင့် အထက် အဘိုးအဘွား ၁၅ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၄၈၀၀ တန်ဖိုးရှိ အာဟာရများ၊ ဆေးနှင့်ငွေသားများကို လှူဒါန်းကြပြီး အခြေခံပညာမူလတန်းအဆင့် ၅၀၊ အလယ်တန်းအဆင့် ၂၅ ဦး၊ အထက်တန်းအဆင့် ၂၅ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ၁၀၀ တို့အား ငွေကျပ်၁၁၇၅၀၀ တန်ဖိုးရှိ စာအုပ်များကို ပေးအပ်ကြသည်။

ဆေးဝါးကုသ

ထို့နောက် ကျန်းမာရေးပညာပေး ဟောပြောပွဲကို ဆက်လက်ကျင်းပရာ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စန်းတင့်က အသင်းကြီး၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များ၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာခင်နွဲ့ဌေးက အသင်း၏လစဉ်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ အတွင်းရေးမှူး ဒေါက်တာခင်စောဝင်းက မိခင်မှသန္ဓေသားသို့ အိပ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်ရောဂါကူးစက်နိုင်မှုများ၊ အဖွဲ့ဝင် ဒေါ်ကြည်မြင့်က စိတ်ကျန်းမာရေးကိစ္စရပ်များကို ဟောပြောကြသည်။ ထို့ပြင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် တိုင်းရင်းဆေးဆရာ ဦးစောယုသန်းက လူနာများအား ဆေးဝါးကုသပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆေးဝါးရောင်းချရာ၌ လိုက်နာရမည့်ကိစ္စနှင့်သက်ဆိုင်သော အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဆေးဝါးရောင်းချရာတွင် လိုက်နာ ဆောင်ရွက်ရန် ကိစ္စများနှင့် သက်ဆိုင်သော အလုပ်ရုံဆွေးနွေးပွဲ အပတ်စဉ်(၃) ပိတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ အမှတ် ၄၄ သိမ်ဖြူလမ်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဒေါက်တာမောင်မောင်လေး**(အပေါ်ပုံ)**က အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းဆရာများ ကိုယ်စား မြန်မာနိုင်ငံ အဓိကဆေးဝါး စီမံချက် စီမံချက်မန်နေဂျာ ဒေါက်တာမင်းဆွေကအမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံဆေးနှင့်ဆေး ပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းမှ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ ငွေကျပ် ၅၀၀၀၀ ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ သင်တန်းဆရာများအား မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ် ချီးမြှင့်သည်။

နှုတ်ခွန်းဆက်

ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး သင်တန်းမှူး ဒေါက်တာ မိမိကိုက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးညွန့်တင်က နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းခရီးသွားများအတွက် ခရီးစဉ်များစီစဉ်ဆောင်ရွက်ပေး

ရန်ကုန် မေ ၂၄

မြန်မာ့ခရီးသွားလုပ်ငန်းဌာနက ပြည်တွင်းခရီးသွားများ မြန်မာပြည်အနှံ့ လွယ်ကူစွာနှင့် စရိတ်သက်သာစွာ ခရီးသွားလာနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အစုအဖွဲ့အလိုက်ဖြစ်စေ၊ အဖွဲ့ငယ်အလိုက်ဖြစ်စေ သွားလာနိုင်ပြီး ရန်ကုန်မြို့နှင့် အနီးဆုံး အပန်းဖြေ ခရီးစဉ်များဖြစ်သည့် ရန်ကုန်-ငွေဆောင်-ရန်ကုန်၊ ရန်ကုန်-ချောင်းသာ-ရန်ကုန်(၂ည/၃ရက်) ခရီးစဉ်များကိုအပတ်စဉ် သောကြာနေ့တိုင်း အားလပ်ရက်များတွင် သွားလာနိုင်စေရန် စီစဉ် ဆောင်ရွက်ထားကြောင်း သိရသည်။

အထူးဈေးနှုန်းဖြင့် ပထမဆုံးခရီးစဉ်ကို လာမည့် ဇွန် ၃ ရက် မွန်းလွဲ ၂ နာရီမှစ၍ ရန်ကုန်မှထွက်ခွာပြီး ချောင်းသာ၊ ငွေဆောင်မှ ဇွန် ၅ ရက် နံနက်၁၁နာရီတွင်ပြန်လည်ထွက်ခွာပေးမည်ဖြစ်သည်။

ထို့အပြင် ရန်ကုန်-ပဲခူး-မိုးယွင်းကြီးအင်း-ရန်ကုန် (တစ်ည/နှစ်ရက်) ခရီးစဉ်ကိုလည်းဆက်လက်စီစဉ်ဆောင်ရွက်ပေးနေရာရက်တိုအားလပ်ရက်များတွင် ရန်ကုန်မြို့မှ အစုအဖွဲ့အလိုက်ဖြစ်စေ၊ မိသားစုအလိုက်ဖြစ်စေ သွားရောက်နိုင်ကြောင်းနှင့် အလားတူပုံမှန်ခရီးစဉ်များကိုလည်း အထူးဈေးနှုန်းများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ မြန်မာ့ခရီးသွားလုပ်ငန်းဌာန အမှတ် ၇၇-၉၁ ဆူးလေဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၂၅၂၈၅၉၊ ၃၈၇၀၀၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၅-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	သီးနှံများတွင်ကျရောက်သော သီးနှံဖျက်ပိုးများနှင့် ကာကွယ်ဆေးများ
၈:၁၅	တေးဂီတအစီအစဉ်
၈:၂၀	ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ
၈:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	မော်ဘီ(၃) စပါးမျိုးသစ်အပေါ်တွင် ကောက်ကွက်ပျိုးသက်စမ်းသပ်မှု
၈:၄၅	တေးဂီတအစီအစဉ်
၈:၅၀	ဖီဖာကမ္ဘာ့ဖလား
၉:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅	ရှားပါးသောရေချို၊ရေငန်စပ်မိကျောင်း
၉:၃၀	တေးဂီတအစီအစဉ်
၉:၃၅	မိုးလေဝသခန့်မှန်းချက်
၉:၄၀	ပဒုမ္မာဆပ်ပြာစက်ရုံ
၉:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀	နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး
၁၀:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀	လုပ်သားများအားထားရာ ကရုဏာကြေးခံစားခွင့်ပါ
၁၀:၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅	သင်ယူစရာပန်းချီပညာ
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါလေးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မေ ၂၃ ရက်က မင်္ဂလာဒုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ မြို့နယ် ဦးစီးဌာနမှူး ဦးမြင့်ဇော်နှင့် ဝန်ထမ်းများက နယ်မြေခံ ရဲတပ်ရင်းအတွင်းရှိ နိုင်ငံသား အရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးရာ ရန်ကုန်တိုင်း ဦးစီးဌာနမှူး ဦးတင်အောင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် ဦးစီးဌာနမှူး ဦးခင်အောင်တို့ ကြည့်ရှုစစ်ဆေးစဉ်။ (လဝက)

အခြေခံဝန်ထမ်းလောင်း (အငယ်တန်း) သင်တန်းဖွင့်

ရန်ကုန် မေ ၂၄

အခြေခံဝန်ထမ်းလောင်း(အငယ်တန်း) သင်တန်းအမှတ်စဉ် (၂၈) သင်တန်းကို ယနေ့ နံနက် ၇ နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အုန်းတောခန်းမ၌ဖွင့်လှစ်ရာ ဗဟိုဝန်ထမ်းတက္ကသိုလ် ပါမောက္ခချုပ် ဦးဝင်းမောင်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ယင်းသင်တန်းသို့ သင်တန်းသား ၈၉ ဦး၊ သင်တန်းသူ ၁၃၀ စုစုပေါင်း ၂၁၉ ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံအဆင့်မြင့်အရာရှိများ ညှိနှိုင်းအစည်းအဝေး ဒေသဆိုင်ရာနှင့် ကမ္ဘာ့လုံခြုံရေး အလေးထားဆွေးနွေး

ပေကျင်း မေ ၂၃

(၁၂)ကြိမ်မြောက် အာဆီယံ အဆင့်မြင့်အရာရှိများ ညှိနှိုင်းအစည်းအဝေးကို လာအိုနိုင်ငံမြို့တော် ဗီယင်ကျန်း၌ မေ ၂၀ ရက် သောကြာနေ့က စတင်ခဲ့ရာ ဒေသဆိုင်ရာနှင့် ကမ္ဘာ့လုံခြုံရေးကိုအဓိကအလေးထား ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ တရုတ်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ရှန်ကူဖန်သည် အာဆီယံ ၁၀ နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများမှ အဆင့်မြင့်အရာရှိများ၊ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့သည်။

အာရှ-ပစိဖိတ်ဒေသ တည်ငြိမ်မှုအပေါ် အကြမ်းဖက်မှု၊ နယ်စပ်ဖြတ်ကျော်ဖြစ်ပွားသော ရာဇဝတ်မှုအပြင် အခြားအရေးကိစ္စများ၏ ခြိမ်းခြောက်ခြင်းကို ခံနေရဆဲဖြစ်ကြောင်း၊ ဒေသတွင်းရှိ နိုင်ငံများအားလုံးသည် ဒေသဆိုင်ရာ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ကာကွယ်ရန်ပိုမိုပူးပေါင်းသင့်ကြောင်း ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သူများက ဆွေးနွေးပြောကြားကြသည်။ ဒေသအခြေအနေနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံ၏သဘောထားအမြင်ကိုမစ္စတာရှန်ကရှင်းလင်းပြောကြားရာတွင် တရုတ်နိုင်ငံသည်အခြားအာရှ နိုင်ငံများနှင့် ပိုမိုညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဒေသအတွင်းပိုမိုတည်ငြိမ်မှုရှိရေးနှင့်ကြီးပွားတိုးတက်ရေးအတွက် တရုတ်နိုင်ငံက ကြိုးပမ်းသွားမည့်အပြင် ခြိမ်းခြောက်မှုများကိုလည်း အခြားနိုင်ငံများနှင့်အတူ ပူးပေါင်းနှိမ်နင်းသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စုပြည်နယ်ရှိ နန်ကျင်းပြတိုက်တွင် ပြသထားသော ရှေးဟောင်းပိုးထည်အင်္ကျီကို မေ ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံအတွင်း အလုပ်လက်မဲ့ကြီးထွားမှုပြဿနာဖြေရှင်းရန် အင်ဒိုနီးရှား အလုပ်သမားများ နိုင်ငံခြားစေလွှတ်ရန်စီစဉ်

ဂျကာတာ မေ ၂၂

အင်ဒိုနီးရှားနိုင်ငံတွင် စီးပွားရေးတိုးတက်မှုသည်မျှော်လင့်ထားသည်ထက် နှေးကွေးသဖြင့် အင်ဒိုနီးရှားအစိုးရသည် အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းမှုတစ်ရပ်အဖြစ် အလုပ်သမားများအား နိုင်ငံရပ်ခြားသို့ စေလွှတ်ရန် အလျင်အမြန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ပို့လွှတ်မည်

အစိုးရသည် နိုင်ငံအတွင်း အလုပ်လက်မဲ့ကြီးထွားမှုနှုန်းလျှော့ချနိုင်ရေး ကြိုးပမ်းမှုတစ်ရပ်အဖြစ် ယခုနှစ်တွင် ပင်လယ်ရပ်ခြားသို့ အလုပ်သမား၃၀၀၀၀၀ထက်မနည်းစေလွှတ်မည်ဟု မျှော်လင့်ရကြောင်း သည်ဂျကာတာပို့စ် သတင်းစာက ကြာသပတေးနေ့တွင်ဖော်ပြသည်။

ယခုနှစ်တွင် မိမိတို့၏ စီးပွားရေးတိုးတက်မှုသည် အလုပ်လက်မဲ့နှုန်း လျှော့ချရေးအတွက် အပြည့်အဝလုံလောက်မည်ဟု မမျှော်လင့်ကြောင်း၊ ယင်းအတွက် ကာမိစေရန် မိမိတို့သည် အလုပ်သမားများအား ပင်လယ်ရပ်ခြားသို့ ပိုမိုစေလွှတ်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်းဌာနညှိနှိုင်းဆောင်ရွက်ရေးဝန်ကြီး အယ်လ်ဝီရှိဟာက်၏ ပြောကြားချက်ကို သတင်းစာကကိုးကားဖော်ပြသည်။

အစိုးရသည် အလုပ်သမားများ ကျွမ်းကျင်မှုရှိရန်နှင့် ပင်လယ်ရပ်ခြားတွင် အလုပ်အကိုင်ရှာဖွေရာ၌ လိုအပ်သောထောက်ခံချက်ပေးနိုင်ရေးအတွက် နိုင်ငံလုံးဆိုင်ရာ အသိအမှတ်ပြုထောက်ခံရေး အေဂျင်စီတစ်ခု ထူထောင်ရန် ပြင်ဆင်လျက်ရှိကြောင်း မစ္စတာအယ်လ်ဝီက ပြောကြားသည်။

စက်မှုကုန်ထုတ်မှုကဏ္ဍမှ အလုပ်ထုတ်ပယ်ခံခဲ့ရသော အလုပ်သမားများသည် အတွေ့အကြုံနှင့် လုပ်ငန်းကျွမ်းကျင်မှုရှိထားသဖြင့် ပင်လယ်ရပ်ခြား အလုပ်အကိုင်ဈေးကွက်အတွက် အလားအလာရှိသူများဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်ဖြစ်ရေး အိန္ဒိယကို နီပေါထောက်ခံမည်

ခတ္တမန္ဒူ မေ ၂၃

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အိန္ဒိယနိုင်ငံ အမြဲတမ်း အဖွဲ့ဝင်ဖြစ်ရေးကို နီပေါနိုင်ငံက ထောက်ခံမည်ဖြစ်ကြောင်း နီပေါအဆင့်မြင့် အရာရှိတစ်ဦးက ခတ္တမန္ဒူမြို့တွင် မေ ၂၀ရက်နေ့က ပြောကြားသည်။

ပြောကြား

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲမှုကို အိန္ဒိယနိုင်ငံကထောက်ခံပြီး အာဖရိကတိုက်အတွက် လုံခြုံရေးကောင်စီ၌ အမြဲတမ်းအဖွဲ့ဝင် ဖြစ်လိုကြောင်း၊ ၎င်းတို့၏ တောင်းဆိုချက်မှာကျိုးကြောင်းဆီလျော်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ရာမက်ရှ်နာ့သ်ပန်ဒီက ပြောကြားသည်။

စိတ်ဝင်စား

လုံခြုံရေးကောင်စီအဖွဲ့ဝင် ဖြစ်ရေးနှင့်စပ်လျဉ်း၍ နီပေါနိုင်ငံခြားရေးဝန်ကြီးနှင့်ဆွေးနွေးမှုများကိုအိန္ဒိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး အစ်ဖ်ဇက်ဆက်ဒ်အယ်လ်ဆာယက်ဒ်က သတင်းထောက်များအား အတည်ပြု ပြောကြားပြီး စိုက်ပျိုးရေး၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်းတွင် နီပေါနိုင်ငံအား အကူအညီပေးရန် စိတ်ဝင်စားကြောင်း ပြောကြားခဲ့သည်။

ဆာယက်ဒ်သည် နီပေါ၌ သုံးရက်ကြာလည်ပတ်ရန် ခတ္တမန္ဒူသို့ ကြာသပတေးနေ့ညက ရောက်ရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံစိုက်ပျိုးရေး တိုးမြှင့်ဆောင်ရွက်သွားမည်

ပေကျင်း မေ ၂၂

တရုတ်နိုင်ငံသည် စိုက်ပျိုးရေးအခြေခံနှင့် ပတ်ဝန်းကျင်ကာကွယ်မှု အရှိန်မြှင့်တင်ရေးတွင်ကောင်းစွာညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကမ္ဘာလုံးဆိုင်ရာ အလားအလာ ဖိုရမ် ၂၀၀၅၌ ဒုတိယဝန်ကြီးချုပ် ကျန်ပေယန်က မေ၁၇ရက်တွင် ပြောကြားသည်။

စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်မြှင့်တင်ရေးအတွက် အစိုးရသည် စက်မှုလုပ်ငန်းက ပံ့ပိုးသည့် စိုက်ပျိုးရေးနှင့်မြို့များက ပံ့ပိုးသည့် ကျေးလက်ဒေသဆိုင်ရာမူဝါဒကိုဆောင်ရွက်လျက်ရှိပြီး ကျေးလက်ဒေသများရှိ ပတ်ဝန်းကျင် ရှင်သန်ရပ်တည်နေရေးကိုလည်း ဆက်လက် တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်ရှေ့၌ ကားဗုံးဖောက်ခွဲတိုက်ခိုက်ခံရပြီးနောက် ပျက်စီးသွားသော အပျက်အစီးများကို မေ၂၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ယာဉ်သွားလာမှုနှင့် လမ်းပိတ်ဆို့မှု ဖော်ပြမည့် ရေဒီယိုအသံလွှင့်လိုင်းသစ် ဘင်္ဂလားဒေ့ရှ် စတင်မည်

ဒါကာ မေ ၂၃

ယာဉ်တိုက်မှုများ လျော့နည်းစေရန်အတွက် ဒါကာမြို့တွင်းနှင့် ဝန်းကျင်တွင် ယာဉ်သွားလာမှုနှင့် ပိတ်ဆို့မှုသတင်းထုတ်ပြန်ရေး အသံလွှင့်လိုင်းတစ်ခုကို ဘင်္ဂလားဒေ့ရှ်ဘီတာ(ဘင်္ဂလားဒေ့ရှ်ရေဒီယို)က မကြာမီ စတင်မည်ဖြစ်သည်။

မေ၂၆ရက်၌ တရားဝင် စတင်မည့်ထုတ်လွှင့်ရေးလိုင်းသစ်သည် လမ်းသွားလမ်းလာများနှင့်ယာဉ်မောင်းများ၏ တာဝန်များနှင့် ပိုင်ခွင့်များကို ပြည်သူလူထု သတိပြုမိစေရန် ကနဦး ဆောင်ရွက်မည်ဟု နယူးဒေ့ရှ်က ဖော်ပြသည်။

နောက်ပိုင်း၌ မြို့တော်အတွင်းရှိ လမ်းမကြီးများတွင် ယာဉ်သွားလာလှုပ်ရှားမှုများကို ထုတ်လွှင့်သွားမည်ဟု နယူးဒေ့ရှ်က ရေဒီယိုတာဝန်ရှိ ပုဂ္ဂိုလ်များ ပြောဆိုချက်ကို ကိုးကားဖော်ပြသည်။

ထုတ်လွှင့်မည့် အစီအစဉ်များသည် လမ်းပိတ်ဆို့မှု၊ ယာဉ်မတော်တဆမှု၊ ယာဉ်စည်းကမ်း၊ လုံခြုံရေးလုပ်ငန်းများ၊ ယာဉ်မောင်းများ၊ ခရီးသွားများနှင့် လမ်းသွားလမ်းလာများ၏ တာဝန်များနှင့်ဆိုင်သော သတင်းအချက်ကို အသားပေးဖော်ပြမည်ဖြစ်သည်။

တရားဝင်မှတ်တမ်းများအရ ယာဉ်တိုက်မှုကြောင့် ဘင်္ဂလားဒေ့ရှ်တွင် နှစ်စဉ်လူ ၄၀၀၀ကျော် သေဆုံးခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်၌ ကန်တပ်ဖွဲ့ဝင်လေးဦး တိုက်ခိုက်ခံရပြီးသေဆုံး

ဘဂ္ဂဒက် မေ ၂၂

အီရတ်နိုင်ငံတွင် ပြောက်ကျားများ၏ သီးခြားစီတိုက်ခိုက်မှုခံရပြီး အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က မေ ၂၀ရက် သောကြာနေ့တွင် ပြောကြားသည်။

ယင်းသေဆုံးသူ တပ်ဖွဲ့ဝင်လေးဦးအနက် တစ်ဦးမှာ မေ ၂၀ရက်က ဘဂ္ဂဒက်မြောက်ဘက် တာဂျီးတွင် တာဝန်ထမ်းဆောင်စဉ် ၎င်း၏မော်တော်ယာဉ်ကို လမ်းဘေးဗုံးထိမှန်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြသည်။

သေဆုံး

အခြားအမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးမှာ ဘဂ္ဂဒက်မြို့၌ မေ ၁၉ရက်က ယင်းတို့၏ ယာဉ်တန်းကို ပြောက်ကျားများက ပစ်ခတ်တိုက်ခိုက်ရာမှ သေဆုံးခဲ့ခြင်းဖြစ်သည်။ စတုတ္ထမြောက် အမေရိကန်တပ်ဖွဲ့ဝင်မှာ ရာမာဒီမြို့အနောက်ပိုင်း အမေရိကန်စစ်အခြေစိုက်စခန်းကို ပြောက်ကျားများက စိန်ပြောင်းဖြင့် ပစ်ခတ်မှုကြောင့် သေဆုံးသွားခြင်းဖြစ်သည်။

အီရတ်စစ်ပွဲ စတင်ခဲ့သော ၂၀၀၃ခုနှစ် မတ်လမှ ယခုနှစ် မေ ၂၀ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၆၂၅ဦးရှိသွားပြီ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံပြတ်ကျော် ရာဇဝတ်မှုများ နှိမ်နင်းရန် အာဆီယံရဲတပ်ဖွဲ့ အကြီးအကဲများ သဘောတူညီ

ဂျကာတာ မေ ၂၃

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင်ကျင်းပသော (၂၅)ကြိမ်မြောက် အာဆီယံရဲတပ်ဖွဲ့အကြီးအကဲများ ညီလာခံ၌ ပါဝင်တက်ရောက်သူများက နိုင်ငံဖြတ်ကျော်ဖြစ်ပွားသည့် ရာဇဝတ်မှုများကို နှိမ်နင်းရန်နှင့် အာဆီယံနာပိုလ် အီလက်ထရွန်နစ် အချက်အလက်စနစ် (အီး-အေဒီအက်စ်) တီထွင်ဖန်တီးရန်အတွက် အာဆီယံဝင်နိုင်ငံများအတွင်း မိတ်ဖက်တစ်ရပ်ထူထောင်သွားရန် သဘောတူကြကြောင်း ဂျကာတာပို့စ်က မေ ၂၀ရက် သောကြာနေ့၌ ဖော်ပြလိုက်သည်။

အဆိုပါသဘောတူချက်သည် မူးယစ်ဆေးမှောင်ခိုရောင်းဝယ်မှုနှိမ်နင်းရာတွင် ပူးပေါင်းဆောင်ရွက်ရေးအပြင် အကြမ်းဖက်မှု၊ လက်နက်မှောင်ခိုမှု၊ လူမှောင်ခိုမှု၊ ပင်လယ်ပြင်ရာဇဝတ်မှု၊ ကုန်သွယ်မှုဆိုင်ရာ ရာဇဝတ်မှု၊ ဘဏ်လုပ်ငန်းဆိုင်ရာ ရာဇဝတ်မှု၊ ငွေချေးကတ်အတု၊ ခရီးသွားအထောက်အထားအတုပြုလုပ်မှုတို့နှင့် အကျုံးဝင်ကြောင်း နှစ်ရက်ကြာ အစည်းအဝေးအပြီး ဂျကာတာ၌ မေ ၁၉ ရက်ကထုတ်ပြန်သည့် ပူးတွဲကြေညာချက်၌ ဖော်ပြထားသည်။

ပြောကြား

အီး-အေဒီအက်စ်ထူထောင်ရေးကို ၁၉၉၀ပြည့်နှစ်မှစပြီး အာဆီယံရဲတပ်ဖွဲ့များက ဆွေးနွေးခဲ့ကြသည်ဟု အင်ဒိုနီးရှားရဲတပ်ဖွဲ့အကြီးအကဲ ဗိုလ်ချုပ်ကြီး ဒေဘက်ချ်တီယာက ပြောကြားသည်။

အခြေခံအဆောက်အအုံအတွက် ပြင်ဆင်ခြင်းနှင့် သင်တန်းပေးခြင်းသည် တစ်နှစ်ကြာမည်ဟု ၎င်းက ပြောကြားသည်။ စမ်းသပ်အဆင့်အတွက် စီမံကိန်းသည် ဒီဇင်ဘာလ၌ ပြည့်စုံဖွယ်ရှိသည်ဟု ဆိုသည်။

ဆွေးနွေးခဲ့

ဆွေးနွေးပွဲများအတွင်း အာဆီယံ ၁၀ နိုင်ငံမှ ကိုယ်စားလှယ်များနှင့် အာဆီယံမဟုတ်သော တရုတ်၊ တောင်ကိုရီးယား၊ နယူးဇီလန်၊ ဂျပန်၊ ဩစတြေးလျ၊ ပါပူဝါနယူးဂီနီနှင့် အရှေ့တီမောတို့မှ ကိုယ်စားလှယ်များသည် အာဆီယံနိုင်ငံများအတွင်း နယ်စပ်ဖြတ်ကျော်ဖြစ်ပွားသော ရာဇဝတ်မှုများကို ပူးပေါင်းနှိမ်နင်းသွားမည့် လုပ်ငန်းအသေးစိတ်ကို ဆွေးနွေးခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတကာ သတင်းများ

တရုတ်နှင့်စင်ကာပူ အမြင်ချင်းဖလှယ် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

စင်ကာပူ မေ ၂၃

အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ ဝူဘန်ဂူက စင်ကာပူနှင့် တရုတ်နိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆက်ဆံရေးကောင်းမွန်တိုးတက်မှုကို မေ ၁၇ ရက်က ချီးကျူးပြောကြားလိုက်ပြီး နှစ်နိုင်ငံပါလီမန်များအကြား အပြန်အလှန်တိုးတက်လည်ပတ်ရန် တိုက်တွန်း ပြောကြားလိုက်သည်။

တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် (အင်ပီစီ) အမြဲတမ်းကော်မတီဥက္ကဋ္ဌဝူသည် စင်ကာပူလွှတ်တော်ဥက္ကဋ္ဌ အဗ္ဗဒူလာတူမှုဂီနှင့် ဆွေးနွေးကြရာတွင် နှစ်နိုင်ငံဆက်ဆံရေး၊အမြင်များနက်နက်ရှိုင်းရှိုင်းဖလှယ်ရေး၊ ပါလီမန် ကိုယ်စားလှယ်များ အပြန်အလှန် လည်ပတ်ရေးနှင့် နှစ်နိုင်ငံစိတ်ဝင်စားသည့် အခြားကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးများကို ဆွေးနွေးကြသည်။

စင်ကာပူနိုင်ငံသို့ သုံးရက်ကြာ တရားဝင် လည်ပတ်ရန် ရောက်ရှိလာသော မစ္စတာဝူက နှစ်နိုင်ငံဆက်ဆံရေးတိုးတက်မှုရှိကြောင်း သုံးသပ်ပြောကြားလိုက်ပြီး မကြာမီနှစ်များအတွင်း နှစ်နိုင်ငံတိပ်တန်း ခေါင်းဆောင်များ မကြာခဏ အပြန်အလှန်လည်ပတ်ခဲ့ကြသည့်အပြင် အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတိုးပွားလာကာ စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

သိပ္ပံနှင့် နည်းပညာ၊ ယဉ်ကျေးမှု၊ ပညာရေး၊ လေ့ကျင့်သင်ကြားပေးမှုများနှင့် အခြားကဏ္ဍများတွင် ထူးထူးခြားခြားအောင်မြင်မှုများရရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။ စင်ကာပူလွှတ်တော်ဥက္ကဋ္ဌ အဗ္ဗဒူလာက ပြန်လည်ပြောကြားရာတွင် မစ္စတာဝူ၏ ခရီးစဉ်ကြောင့် နှစ်နိုင်ငံ ပါလီမန်များအကြား ပိုမိုပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်လည်ပတ်မှုများ တိုးတက်များပြားလာစေမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားလိုက်သည်။

စင်ကာပူနိုင်ငံက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်ပယ်အသီးသီးမှ အဆင့်အမျိုးမျိုးတွင် ပူးပေါင်းဆောင်ရွက်ပြီး အပြန်အလှန်တိုးမြှင့်လည်ပတ်ရန် အသင့်ရှိကြောင်း အဗ္ဗဒူလာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကြည့်ရှုလေ့လာ

တရုတ်နိုင်ငံ ပေကျင်းမြို့ နိုင်ငံတကာအဆင့်မြင့်နည်းပညာပြပွဲတွင် ပြသထားသော လက်ဆွဲကွန်ပျူတာအား ကလေးငယ်တစ်ဦး စိတ်ဝင်တစား ကြည့်ရှုလေ့လာနေသည်ကို မေ ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နိုင်ငံသား ၁၈ သန်းအနက် သုံးပုံနှစ်ပုံ သွေးထဲ၌သကြားဓာတ်ပါဝင်မှုကို ထိန်းထားနိုင်ခြင်းမရှိ

ဝါရှင်တန် မေ ၂၂

ဆီးချိုရောဂါအမျိုးအစား ၂ ရှိသည့် အမေရိကန်နိုင်ငံသား ၁၈သန်းအနက် သုံးပုံနှစ်ပုံသည် သွေးထဲ၌ သကြားဓာတ်ပါဝင်မှုကို ထိန်းထားနိုင်ခြင်းမရှိကြရာ လေဖြတ်ခြင်း၊ နှလုံးရောဂါဖြစ်ခြင်း၊ ကျောက်ကပ်မကောင်းခြင်းတို့အပါအဝင် ဆီးချိုရောဂါမှ ထပ်တိုးလာသော ရောဂါများကြောင့် အချိန်စောပြီး သေဆုံးရမည့်အန္တရာယ်ရှိကြောင်း မေ ၁၈ရက် ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

၂၀၀၃ခုနှစ်နှင့် ၂၀၀၄ခုနှစ်အတွင်း၌ အမေရိကန်ပြည်ထောင်စုအတွင်းရှိ ဆီးချိုရောဂါအမျိုးအစား ၂ရှိသူ ၁၅၇၀၀၀ ကို လေ့လာကြည့်ရာ၌ ၆၇ရာခိုင်နှုန်းသည် သွေးချိုသတ်မှတ်ချက်အဆင့် အေ၁စီ ပြည့်မီခြင်းမရှိသည်ကို တွေ့ရှိကြရသည်။

ထိန်းချုပ်ရန်လို

အေ၁စီ စမ်းသပ်ချက်သည် လွန်ခဲ့သည့်နှစ်လတွင် ပျမ်းမျှသွေးချိုအဆင့်ကို ဖော်ညွှန်းပြဆိုသည်။ သာမန် အေ၁စီ အဆင့်သည် ၅ဖြစ်ပြီး ၆ဒသမ၅ကိုကျော်သော အေ၁စီ အဆင့်သည် သွေးထဲ၌ ပါဝင်သော သကြားဓာတ်ကို ယေဘုယျအားဖြင့် မထိန်းချုပ်နိုင်ကြောင်းကိုပြသည်။ အမေရိကန်နိုင်ငံ၏ ဆီးချိုရောဂါကို ဆဋ္ဌမမြောက် လူသတ်သမားဟု အမည်ပေးထားသည်။ ၎င်းရောဂါကိုကာကွယ်ရန်နှင့် ထိန်းချုပ်ရန်နည်းလမ်းမှာ ကျန်းမာရေးအတွက် အစားကောင်းကို ဆင်ခြင်စားသုံးခြင်းနှင့် ကိုယ်ကာယလေ့ကျင့်ခန်းများ ပြုလုပ်ပေးခြင်းဖြစ်သည်။ ဆိုးရွားသော အခြေအနေမျိုးကို ဆေးကုသခြင်းဖြင့် ထိန်းချုပ်ရန်လိုအပ်ကြောင်း အစီရင်ခံစာတွင်ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အရှေ့အလယ်ပိုင်း၌ ငြိမ်းချမ်းရေးရရှိရေး ပါလက်စတိုင်းဝန်ကြီးချုပ်နှင့် အစ္စရေးဒုတိယဝန်ကြီးချုပ်တို့ ကြိုးပမ်း

အမ္မန် မေ ၂၃

ဂါဇာကမ်းမြောင်းတွင် အကြမ်းဖက်မှု ပေါ်ပေါက်ခဲ့ပြီးနောက်ပိုင်း ပါလက်စတိုင်းဝန်ကြီးချုပ် အာမက်ကူရီနှင့် အစ္စရေးဒုတိယဝန်ကြီးချုပ် ရှီမွန်ပီရက်စ်တို့သည် ဂျော်ဒန်နိုင်ငံ၊ ရှူနီအပန်းဖြေမြို့၌ မေ ၂၁ ရက်က တွေ့ဆုံကာ ငြိမ်းချမ်းရေးရရှိရေး ကြိုးပမ်းခဲ့ကြသည်။

ပြောကြား

ကမ္ဘာ့စီးပွားရေး ဖိုရမ်နှင့် မပတ်သက်ဘဲ အစ္စရေး ဒုတိယဝန်ကြီးချုပ် ပီရက်စ်နှင့် တွေ့ဆုံ ဆွေးနွေးရာတွင် ကူရီနှင့်အတူ ပြည်သူ့ရေးရာဝန်ကြီး မိုဟာမက်ဒါလန်လည်း ပါဝင် ဆွေးနွေးခဲ့သည်ဟု ရှူနီမှလာသော သတင်းများ၌ ဖော်ပြထားသည်။ ဂါဇာမှ အစ္စရေးတို့ ရုပ်သိမ်းရေး ကြိုးပမ်းမှုသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လမ်းကြောင်းပေါ် ပြန်ရောက်ရေး ကြိုးပမ်းမှုတစ်ရပ်ဖြစ်ကြောင်း အစည်းအဝေးမလုပ်မီ ကူရီက သတင်းထောက်များကို ပြောကြားခဲ့သည်။

နိုင်ငံတကာဆိုင်ရာ၏ အကောင်အထည်ဖော်မှုတွင် အစ္စရေးတို့ ဂါဇာမှ ရုပ်သိမ်းခြင်းသည် ပါလက်စတိုင်း-အစ္စရေး အကြမ်းဖက်မှု အဆုံးသတ်ရေးနှင့် လွတ်လပ်သော ပါလက်စတိုင်းနိုင်ငံ ဖန်တီးရေးကို တိုက်တွန်းထားသော ငြိမ်းချမ်းရေး လမ်းပြမြေပုံ အစီအစဉ်အား အထောက်အကူပြုမည်ဟု ကူရီက မျှော်လင့်ထားခဲ့သည်။

သတင်းရနံ့

ထိုအတောအတွင်း အစည်းအဝေးမလုပ်မီ၌ ပီရက်စ် ကလည်း အရှေ့အလယ်ပိုင်းတွင် ငြိမ်းချမ်းရေး သတင်းရနံ့ရှိကြောင်း သတင်းထောက်များအား ပြောကြားသည်။

တိုက်တွန်း

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင် အရှေ့အလယ်ပိုင်းကို ပေါင်းစည်းရန်အတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုသည် လိုအပ်သည်ဟု ၎င်းက ပြောကြားပြီး ပါလက်စတိုင်းတို့အနေဖြင့် ဗုံးမဟုတ်၊ အကြမ်းဖက်မှုမဟုတ်ဘဲ ဆွေးနွေးခြင်းမှနေ၍ ၎င်းတို့၏ ပြင်းပြသော ဆန္ဒကို ပေါက်မြောက်အောင် လုပ်ဆောင်ကြရန် တိုက်တွန်းသည်။

လုပ်ဆောင်သင့်

အကြမ်းဖက်မှု ရပ်တန့်စေရန်အတွက် ပါလက်စတိုင်းတို့သည် အကောင်းဆုံးလုပ်ဆောင်သင့်ပြီး လွတ်လပ်သော ကိုယ်ပိုင်နိုင်ငံ ထူထောင်ရန် ပါလက်စတိုင်းတို့အနေဖြင့် အထောက်အကူ ဖြစ်သင့်ကြောင်း ပီရက်စ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ယာဉ်တန်းတိုက်ခိုက်ခံရ အီရတ်တပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံး

တီကရစ်(အီရတ်) မေ ၂၃

ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၂၀၀ခန့်ရှိ အီရတ် မြောက်ပိုင်းမြို့ဖြစ်သော ဘေဂျီမြို့တွင် မေ ၂၁ရက်စောစောပိုင်းက အီရတ်တပ်ဖွဲ့ ယာဉ်တန်းတစ်ခုကို လက်နက်ကိုင်ပြောက်ကျားများက တိုက်ခိုက်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

အီရတ်တပ်ဖွဲ့ယာဉ်တန်းသည် မိုဆူးလ်မှ ဘဂ္ဂဒက်သို့အလာ ဘေဂျီမြို့လယ်ပိုင်းအရောက်တွင် တပ်ဖွဲ့ဝင် ၁၀၀ကျော်ပါရှိသည့် ၎င်းတို့၏ ယာဉ်တန်းအား လက်နက်ကိုင်ပြောက်ကျားများက တိုက်ခိုက်ခဲ့သဖြင့် တပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း တီကရစ်အမေရိကန်-အီရတ် ဆက်သွယ်ရေးရုံးက ကြေညာသည်။ အဆိုပါတိုက်ခိုက်မှုတွင် စစ်ဘက်ယာဉ်နှစ်စီးလည်း မီးလောင်ပျက်စီးသွားခဲ့ပြီး အီရတ်တပ်ဖွဲ့ဝင်များမှာ အနီးရှိရဲနှင့်စစ်ဘက် အခြေစိုက်စခန်းများသို့ ထွက်ပြေးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ပျက်စီး

အီရတ်နိုင်ငံမြောက်ပိုင်း ဆာမာရာမြို့တွင် ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော နေအိမ်တစ်လုံးကို မေ ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယသတင်းဆက်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက် ကြည့်ရှုလေ့လာ

ရန်ကုန် မေ ၂၄

အာဆီယံ-အိန္ဒိယသတင်းဆက်သွယ်ရေး အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ Doordarshan သတင်းဌာနမှ ညွှန်ကြားရေးမှူး(သတင်း) Smt. Arvind M.Singh ခေါင်းဆောင်သော အိန္ဒိယသတင်းဆက်သွယ်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်ဌေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးဝင်းအား အိန္ဒိယသမ္မတနိုင်ငံ Doordarshan သတင်းဌာနမှ ညွှန်ကြားရေးမှူး (သတင်း) Smt. Arvind M. Singh ခေါင်းဆောင်သော အိန္ဒိယ သတင်းဆက်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ The New Light of Myanmar သတင်းစာတိုက် အစည်းအဝေးခန်းမသို့ သွားရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရှင်းလင်းပြောကြား

ထို့နောက် အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအကြောင်း သိကောင်းစရာများကို ရှင်းလင်း၍ အိန္ဒိယသတင်းဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ သိလိုသည်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အိန္ဒိယသတင်းဆက်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား အသံလွှင့်စတူဒီယိုခန်းမ(ဒီ)၌ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းဖြင့် တွဲဖက်၍ တေးသံသာများဖြင့်လည်းကောင်း၊ မြန်မာ့ရိုးရာစောင်းတူရိယာ တီးခတ်၍လည်းကောင်း ဧည့်ခံဖျော်ဖြေကြသည်။

ထို့နောက် အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ 'တူနှစ်သွယ်'နှစ်ပါးသွားအကဖြင့် သရုပ်ပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုလေ့လာကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံနှုတ်ဆက်

ညွှန်ကြားရေးမှူး(သတင်း)Smt. Arvind M.Singh ခေါင်းဆောင်သော အိန္ဒိယ သတင်းဆက်သွယ်ရေးကိုယ်စားလှယ် အဖွဲ့သည် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လေးအား လည်းကောင်း၊ ညနေ ၄ နာရီ မိနစ် ၄၀ တွင် ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ The New Light of Myanmar သတင်းစာတိုက် အစည်းအဝေးခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းအားလည်းကောင်း တွေ့ဆုံနှုတ်ဆက်ကြသည်။

အဆိုပါအိန္ဒိယသတင်းဆက်သွယ်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့လည်း သွားရောက်လေ့လာကြသည်။ **(သတင်းစဉ်)**

ပဋ္ဌာန်းညဝါ သင်တန်းဖွင့်မည်

ပျဉ်းမနား မေ ၂၂

ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်း ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိသာရ ဦးစီးဖွင့်လှစ်မည့် ပဋ္ဌာန်းညဝါတစ်လ သင်တန်းကို မေ ၃၀ရက်မှ ဇွန်၃၀ ရက်အထိ အဆိုပါကျောင်းတိုက်ကြီးတွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ တက်ရောက်လိုသော ပထမကြီး၊ လတ်၊ ငယ်သင်တန်းဝင် သံဃာတော်များအနေဖြင့် ဖုန်း-၀၆၇-၂၂၂၂၄၊ ၂၂၁၉၄ တို့သို့ စာရင်းပေးပို့နိုင်ကြောင်း သိရသည်။

(၁၀၁)

သွားရောက်တွေ့ဆုံ

အိန္ဒိယသမ္မတနိုင်ငံ Doordarshan သတင်းဌာနမှ ညွှန်ကြားရေးမှူး (သတင်း) Smt. Arvind M. Singh ခေါင်းဆောင်သော အိန္ဒိယ သတင်းဆက်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လေးအား သွားရောက် တွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏လုပ်ရပ်နှင့်စေတနာမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်

ရန်ကုန် မေ ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတစ်ဝန်းအကြားအလပ်မရှိ မျှမျှတတဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏လုပ်ရပ်နှင့် စေတနာမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏ မှားယွင်းသော လုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့အလိုက် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၅ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်နှင့်ဧပြီလတို့အတွင်း-

အရှေ့ပိုင်းတိုင်းနယ်မြေ

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ပီပီတောတွင်း လက်နက်ကိုင်အဖွဲ့မှ ဆေးမှူးအဆင့်ရှိ အောင်ခိုင်နှင့် အေဘီအက်စ်ဒီအက်ဖ် တောတွင်းလက်ကိုင်အဖွဲ့မှ တပ်စိတ်မှူးအဆင့်ရှိ လင်းမောင်တို့သည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ အမ်-၂၁ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကျည်အိမ်သုံးခု၊ ကျည်မျိုးစုံ ၄၂ တောင့်တို့ဖြင့်လည်းကောင်း၊ အက်စ်ယူအာရ်အေ တောတွင်းလက်နက်ကိုင်အဖွဲ့မှ ဆက်ကြေးနှင့် ရိက္ခာတာဝန်ခံ စိုင်းစောထ၊ တပ်သား စိုင်းသီဟ၊ စိုင်းအောင်၊ စောနုတို့သည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည်တောင့် ၂၀တို့ဖြင့်လည်းကောင်း၊ ရင်း(၃၆၂)မှ တပ်ကြပ်ကြီးအဆင့်ရှိ စိုင်းပန်ဆိုင်း၊ တပ်သား စိုင်းအောင်နှင့် စိုင်းငွေတို့သည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည်နှစ်တောင့်၊ လမ်းလျှောက်စကားပြောစက် တစ်လုံးတို့ဖြင့်လည်းကောင်း။

တြိဂံဒေသတိုင်းနယ်မြေ

တြိဂံဒေသ တိုင်းစစ်ဌာနချုပ်နယ်မြေတွင် အက်စ်ယူအာရ်အေ တောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်သားအိုက်လားနှင့် ရင်း(၃၆၈)မှ တပ်သား စိုင်းလုံတို့သည်လည်းကောင်း။

အနောက်မြောက်တိုင်းနယ်မြေ

အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် စီအင်န်အေတောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်သားထန်တီရန်နှင့် ဆွေးနေတလွန်း၊ ဇိုမီး တောတွင်း လက်နက်ကိုင်အဖွဲ့မှတပ်သား တိမ်ခန့်ဒါတို့သည် လည်းကောင်း။

ကမ်းရိုးတန်းဒေသနယ်မြေ

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်း လက်နက်ကိုင်အဖွဲ့ တပ်မဟာ(၄)၊ရင်း(၁၀)မှ တပ်ကြပ်ကြီးအဆင့်ရှိ နော်နော်၊ တပ်သားစောအဲဖိုး၊ စောသဒါး၊ စောအယ်ဖိုး၊ စောမေထူးနှင့် စောဘေးတို့သည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ်နှစ်လက်၊ အမ်အေ-၁ သေနတ်တစ်လက်၊ ရိုင်ဖယ်သေနတ်တစ်လက်၊ ကျည်အိမ်သုံးခု၊ ကျည်မျိုးစုံ ၆၅ တောင့်၊ လက်ပစ်ဗုံးနှစ်လုံး၊ မိုင်းသုံးလုံး၊ လမ်းလျှောက်စကားပြောစက် တစ်လုံးတို့ဖြင့်လည်းကောင်း၊ ရင်း(၁၁)မှ ဒုတပ်စိတ်မှူးအဆင့်ရှိ ထားနေမိုး၊ တပ်သား စောဟဲလေ၊ စောဖိုးဒါး၊ စောကလူးနှင့် စောထွန်းလင်းတို့သည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ်နှစ်လက်၊ တစ်လုံးထိုး ခါးချိုးသေနတ်တစ်လက်၊ ကျည်အိမ်ငါးခု၊ ကျည်မျိုးစုံ ၁၉၁တောင့်၊ လက်ပစ်ဗုံးနှစ်လုံးတို့ဖြင့် လည်းကောင်း၊ ဗကပတောတွင်းလက်နက်ကိုင်အဖွဲ့မှ ဒုဗိုလ်အဆင့်ရှိ ပေါက်စ၊ တပ်သား ကျော်မင်းနှင့်ဇော်သိန်းတို့သည်လည်းကောင်း။

တောင်ပိုင်းတိုင်းနယ်မြေ

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူတောတွင်း လက်နက်ကိုင်အဖွဲ့ တပ်မဟာ(၇)၊ ရင်း(၁၉)မှ ဖဒိုစောဝီလျံ၊ ဒုတပ်ကြပ်အဆင့်ရှိ စောစိုးမိုး၊ တပ်သား စောဘလဲ၊ ခွန်အောင်ဝင်း၊ စောဆာမူး၊ စောအဘီး၊ စောအဲအဲ၊ တပ်မဟာ(၂)၊ ရင်း(၅)မှ တပ်ကြပ်အဆင့်ရှိ စောအယ်မူး၊ ဒုတပ်ကြပ်အဆင့်ရှိ စောအယ်ကော်စေး၊ တပ်သား စောအယ်ကော်ထူး၊ စောထူးကာ၊ စောဆေးအောင်၊ စောအောင်ထူး၊ စိုးလွင်တို့သည် ပွိုင့်-၃၈ သေနတ်တစ်လက်၊ ကာဘိုင်နှစ်လက်၊ အေအာရ်-၁၅ သေနတ်တစ်လက်၊ ကိုးလုံးထိုး သေနတ်နှစ်လက်၊ ကျည်အိမ်နှစ်ခု၊ ကျည်မျိုးစုံ ၅၇ တောင့်၊ လက်ပစ်ဗုံး နှစ်လုံးတို့ဖြင့်လည်းကောင်း၊ တပ်မဟာ(၂)၊ ရင်း(၆)မှ တပ်သား ဟဲဆေးထူးနှင့် မှန်းဇာမိုးတို့သည် လည်းကောင်း၊ တပ်မဟာ(၂) ဌာနချုပ်မှ တပ်ကြပ်ကြီးအဆင့်ရှိ စောဖဘိုနှင့် တပ်သား စောဟာဘီရာတို့သည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကျည်အိမ်နှစ်ခု၊ ကျည် ၇၂တောင့်တို့ဖြင့် လည်းကောင်း။

အရှေ့တောင်တိုင်းနယ်မြေ

အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူတောတွင်း လက်နက်ကိုင်အဖွဲ့ တပ်မဟာ(၆)၊ ရင်း(၁၇)မှ ဗိုလ်ကြီးအဆင့်ရှိ စောထူးကလယ်သည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ အမ်-၇၉ လောင်ချာတစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည်မျိုးစုံ ၁၅ တောင့်၊ ဗုံးသီးသုံးလုံး၊ လက်ပစ်ဗုံးနှစ်လုံး၊ လမ်းလျှောက်စကားပြောစက် တစ်လုံးတို့ဖြင့် လည်းကောင်း၊အေဘီအက်စ်ဒီအက်ဖ် တောတွင်းလက်နက်ကိုင်အဖွဲ့မှ ဗိုလ်ကြီး အဆင့်ရှိ သိန်းလွင်သည်လည်းကောင်း၊ တပ်မဟာ(၆) ကွန်မန်ဒိုတပ်ဖွဲ့မှ တပ်သားစောအယ်လ်ထူးနှင့်လွင်ဦးတို့သည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ် သုံးလက်၊ကျည်အိမ်သုံးခု၊ ကျည်တောင့်၁၂၀၊လမ်းလျှောက် စကားပြောစက် တစ်လုံးတို့ဖြင့်လည်းကောင်း အသီးသီးလက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

အဆိုပါရက်များအတွင်း လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်ခဲ့ကြသူ ၅၀အား သက်ဆိုင်ရာ တပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာကြိုဆိုကြပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူလက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန် ရှိနေသေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စားပွဲတင် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၄

၂၀၀၅ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ တစ်ဦးချင်း ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို မေ ၂၃ရက် နံနက် ၉နာရီက မိတ္ထီလာမြို့ လေကြောင်းအတတ်သင်လေတပ်စခန်းရှိ သူရအုန်းခိုင်ခန်းမ၌ကျင်းပရာ လေကြောင်းအတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်၊ မြေပြင်အတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ နယ်မြေခံတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဒိုင်းဆုချီးမြှင့်

အစီအစဉ်အရ တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြပြီးနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲ ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး တံခွန်စိုက်ဒိုင်းဆုရရှိသော လေကြောင်းအတတ်သင်လေတပ်စခန်းအသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်က တံခွန်စိုက်ဒိုင်းဆုပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်

၂၀၀၅ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ၌ တံခွန်စိုက်ဒိုင်းဆုရရှိသော လေကြောင်းအတတ်သင်လေတပ်စခန်းအသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်က တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်စဉ်။ (လေတပ်စခန်း)

ဆရာဝန်အသင်း ဂေါက်ရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်ရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်ရိုက်ပြိုင်ပွဲအတွက် မေလဂေါက်ရိုက်ပြိုင်ပွဲကို မေ ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီခွဲတွင် မြန်မာနိုင်ငံဂေါက်ကွင်း (၉)မိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးထစ်ချုန်းရွာနိုင်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ပါကစ္စတန် လေ့လာရေးအဖွဲ့ဝင်များ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)လေ့လာ

ရန်ကုန် မေ ၂၄

ရန်ကုန်မြို့၌ ရောက်ရှိနေသော ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ Pakistan Administrative Staff College (PASC)မှ ကျောင်းအုပ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး (အငြိမ်းစား) Mr. Javed Hassan ခေါင်းဆောင်သည့် လေ့လာရေးအဖွဲ့သည် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်လိုက်ပါလျက် ယနေ့ နံနက် ၉နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)သို့ သွားရောက်လေ့လာကြရာ ပါမောက္ခချုပ် ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)အကြောင်းသိကောင်းစရာများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် သင်တန်းများနှင့် ကွန်ပျူတာခန်းမ၊ စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ရှင်းလင်းပြောကြား

အဆိုပါ လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားရောက်လေ့လာကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထွန်းက နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(ဝဲပုံ)**

ထိုမှတစ်ဆင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ ရောက်ရှိကြရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဦးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

အလုံ၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်းမြို့နယ်လုံးဆိုင်ရာ အတုလာ ဓိပတိ မဟာ မုနိ သ ကျ ကိုး ထပ် ကြီး ဘုရား (၁၂) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲ တော် ကို ကဆုန်လပြည့်နေ့ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဂေါပက အဖွဲ့ဝင်များ ညောင်ရေသွန်းလောင်းကြစဉ်။ (၁၂၉)

လူငယ်ရေးရာသင်တန်းများဆင်းပွဲ ဇွဲကပင်ခန်းမ၌ကျင်းပ ကရင်ပြည်နယ်အတွင်းရေးမှူး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၂၄

ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် လူငယ်ရေးရာသင်တန်းများဆင်းပွဲကို မေ၂၃ရက် နံနက် ၁၀နာရီက ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

သင်တန်းများဆင်းပွဲသို့ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအောင်မော်မော်နှင့် အဖွဲ့ဝင်များ၊ ဘားအံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဘားအံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကရင်ပြည်နယ်နှင့်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောထာလုံတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ထူးချွန်ဆုများရရှိခဲ့သော သင်တန်းသား၊ သင်တန်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ကြသည်။

(သတင်းစဉ်)

မိုးဦးကျနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများအတွက် နှိုးဆော်ချက်

၁။ မိုးဦးကျရာသီတွင် အောက်ဖော်ပြပါ ကူးစက်တတ်သောရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိပါသည်။
- (က) ဝမ်းပျက်၊ဝမ်းလျှောနှင့် ကာလဝမ်းရောဂါများ အပါအဝင် ဝမ်းနှင့်ပတ်သက်သည့် ရောဂါများ၊ အသည်းရောင်အသားဝါရောဂါနှင့် သန်ကောင်၊ တုတ်ကောင်ရောဂါများ၊
- (ခ) သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ၊
- (ဂ) တုပ်ကွေး၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ။

၂။ ဖြစ်ပွားရသည့် အကြောင်းရင်းမှာ–
- (က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် အချိုဓာတ်ပါသော သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းဂွတ်သီးစသည့် သစ်သီးဝလံများ၏ အခွံ၊ အစေ့စသည်များကို စည်းကမ်းမဲ့ မဆင်မခြင် စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ဖွား၍ ယင်ပေါများခြင်း၊
- (ခ) ရာသီစာအမှည့်လွန်အသီးများကို စားသုံးခြင်း၊
- (ဂ) မိုးရွာပြီး ရေတင်၊ ရေဝပ်သဖြင့် ရေအိုင်၊ ရေဗွက်ဖြစ်၍ ရေမြောင်းပိတ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်း ထူထပ်၍ ခြင်ပေါက်ဖွားခြင်း၊
- (ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပတ်ခြင်း၊
- (င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု နည်းပါးခြင်း၊
- (စ) ကျန်းမာရေးနှင့် ညီညွတ်သည့် အသိပညာနှင့် အလေ့အကျင့် အားနည်းခြင်း၊

၃။ အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါ ရောဂါများ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်တားဆီးနိုင်မည် ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- (က) အမှည့်လွန်အသီးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- (ခ) ယင်နားစာများကို မဆင်မခြင် စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- (ဂ) စားကြွင်းစားကျန် အမှိုက်သရိုက်များနှင့် အညစ်အကြေးများကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ၊
- (ဃ) မိမိတို့ မိသားစုအတွင်း ကျန်းမာရေးအသိပညာဖြန့်ဝေပါ၊ လိုက်နာကျင့်သုံးပါ၊
- (င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာဆောင်ရွက်ပါ၊
- (စ) ရေကို ကျိုချက်၍သောက်ပါ၊
- (ဆ) လတ်ဆတ်သန့်ရှင်းသည့် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေး ချက်ပြုတ်စားသုံးပါ၊
- (ဇ) ရာသီဥတု၊ အပူအအေး အပြောင်းအလဲကို သတိရှိပါ၊
- (ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ ယင် နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ပါ၊
- (ည) ရောဂါတစ်မျိုးမျိုး ဖြစ်ပွားပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပို့ပါ၊
- (ဋ) လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီသွားရောက်ပြသ စစ်ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန။

ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်

မေ ၂၄ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Xu Rongkai အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်း-ရှေ့ဖုံး)
(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဒုဋ္ဌဝတီတံတား(နောင်ချို)တည်ဆောက်ရေးလုပ်ငန်းကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါ၍ မေ၂၃ရက်တွင် သံလွင်တံတား(တာပါး)မှတစ်ဆင့် ရွှေညောင် -ရပ်စောက်-အင်တော၊ ကျောက်ဂူ-တောင်ခမ်း-နောင်ချိုလမ်းပေါ်ရှိ ဒုဋ္ဌဝတီတံတား(နောင်ချို) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ တံတားဆောက်လုပ်ရေးအထူးအဖွဲ့(၁၄)မှ အင်ဂျင်နီယာမှူး ဦးကျော်လင်းနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဝင်းတို့က တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်တို့ကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် အင်ဂျင်နီယာမှူး ဦးခင်မောင်အေးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်သိန်းတို့က ရပ်စောက်ဘက်နှင့် နောင်ချိုဘက်တို့၏ ချဉ်းကပ်လမ်းလုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး သတ်မှတ်ချိန်အတွင်းပြီးစီးရန်၊ အရည်အသွေးကောင်းမွန်စေရန် မှာကြားသည်။

ဒုဋ္ဌဝတီတံတား(နောင်ချို) ပြီးစီးပါက နောင်ချိုနှင့် ရွှေညောင်ကို လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်မည် ဖြစ်သည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား ယူနီဆက်ဒေသနေဒါရိုက်တာအဖွဲ့ဝင်တွေ့ဆုံ

ရန်ကုန် မေ ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား UNICEF East Asia and Pacific Region မှ Regional Director Ms. Anupama Rao Singh နှင့်အဖွဲ့သည် ယနေ့ညနေ ၄နာရီခွဲတွင် မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး မေခလာ ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ခင်နှင့် ရုံးအဖွဲ့မှူး ဦးမောင်ပီတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညှော်လမ်းညွှန် အခြေခံသင်တန်းဖွင့်

ရန်ကုန် မေ ၂၄

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ညှော်လမ်းညွှန် အခြေခံသင်တန်း အမှတ်စဉ် (၃၄)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်ရွှေက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၀၂ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာ/ ဆည်မြောင်း ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး တွေ့ဆုံနှုတ်ဆက်

ရန်ကုန် မေ ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E.Mr.Xu Rongkai ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun နှင့်အတူ ယမန်နေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း သီရိမင်္ဂလာရိပ်သာလမ်းသွယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။

တွေ့ဆုံပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း၊ ဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ကြပြီး နှစ်နိုင်ငံစိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရတနာပုံကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၂၄

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ထိန်ကုန်းရပ်ကွက်နေ အလှူရှင် ဦးအေးဝင်းမောင်-ဒေါ်လှလှမိသားစုတို့ က မြင်းခြံမြို့နယ် ဒူလဗိုလ်ကျေးရွာ ရေလည်ကျောင်းဆရာတော်အား အမှူးထားလှူဒါန်းသော ရတနာပုံကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ၂၁ရက် နံနက် ၈နာရီတွင် မြင်းခြံမြို့နယ် ဒူလဗိုလ်ကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြင်းခြံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းအောင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးမြအောင်နှင့် ကျောင်းဆောင်သစ် အလှူရှင် မိသားစုတို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းအောင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးချစ်ရွှေတို့က ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားကြပြီး အလှူရှင် ဦးအေးဝင်းမောင်က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍အလှူရှင် ဦးအေးဝင်းမောင်-ဒေါ်လှလှမိသားစုတို့က ငွေကျပ် ၂၈၉ သိန်းတန် ကျောင်းဆောင်သစ်နှင့် ပရိဘောဂများကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အခမ်းအနားတွင် ပြည်ကြီးတံခွန်မြို့နယ် စက်မှုကွက်သစ်နေ ဦးအောင်စိုးမိသားစုတို့က ငွေကျပ် ၁၅သိန်းတန် ကွန်ပျူတာ နှစ်စုံနှင့် ငွေပဒေသာပင်အဖြစ် ငွေကျပ် ၁၂ သိန်းကို စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငါးရစ်၊ ငါးသန် ရာသီချိန်တွင် ငါးမဖမ်းရန် ပညာပေးနှိုးဆော်ချက်(၁/၉၇)

ငါးရစ် ငါးသန်၊ ဘေးမဲ့ချန်၊ ပုံမှန်စားသုံး၊ မျိုးမတုံး

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း၊ အင်းအိုင်အနံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝသော ငါးထီးကြီးများသည် ဥချရန်နေရာရှာဖွေ၍ ငါးရစ်တက်ကြပါသည်။

ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော နုနယ်လှသည့် သားပေါက်ငါးသန်များသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးမှုကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ(၄၅)အရ ဖမ်းဆီးတရားစွဲအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသန်သားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချ သားပေါက် နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

● *ကျောဖုံးမှ*

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် တိုင်းမှူးသည် လားရှိုးမြို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး အဆောက်အအုံသစ် တည်ဆောက်ရေးစီမံကိန်းသို့သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်း

ဆက်လက်၍ တိုင်းမှူးသည် လားရှိုးမြို့ နယ်မြေခံတပ်ရင်း၏ ဘိန်းအစားထိုးသီးနှံ ပျားလိမ္မော်စံပြ ၂ဒသမ ၇၅ဧက စိုက်ခင်းရှင်သန်ဖြစ်ထွန်းနေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် မေ ၂၄

၂၀၀၅ခုနှစ် မေ၂၄ရက် မြန်မာစံတော်ချိန် ၁၄နာရီ ၁၇မိနစ် ၁၄စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ခုနစ်မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ဒသမ ၃အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း သက်ဆိုင်ရာက သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဘိုခရိုင်အတွင်း စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်း ညှိနှိုင်းစည်းဝေး တိုင်းမှူးဗိုလ်ချုပ်သာအေး စီမံကိန်းရည်မှန်းချက်ကျော်လွန်ရေး မှာကြား

ရန်ကုန် မေ ၂၄

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် တာဝန်ရှိသူများနှင့်အတူ မေ၁၆ရက် နံနက်ပိုင်းက ရွှေဘိုမြို့ရှိ စစ်ကိုင်းတိုင်း ကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်းဓမ္မာရုံသို့ သွားရောက်၍ သင်တန်းကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူကာ ကျောင်းထိုင် ဘုန်းကြီး သင်တန်းကျောင်းအတွက် သင်္ကန်းနှင့်ဆန်၊ဆီများ ဆက်ကပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူးသည် မဟာအောင်မြေဆုတောင်းပြည့်ဘုရားအား သွားရောက် ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူးသည် ရွှေဘိုမြို့နယ်ခန်းမ၌ ကျင်းပသည့် စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရာ တာဝန်ရှိသူများက ရွှေဘိုခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို အသီးသီးရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေး၍ စစ်ကိုင်းတိုင်းအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့် စီမံကိန်းရည်မှန်းချက်ပြည့်မီကျော်လွန်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး အကျယ်တဝင့်ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

မွန်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)အခမ်းအနားတွင် မွန်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ နာယက အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အာဂျင်တီးနားနိုင်ငံ နှစ်ပတ်လည်အမျိုးသားနေ့ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၂၅

၂၀၀၅ခုနှစ် မေ၂၅ရက်၌ ကျရောက်သော အာဂျင်တီးနားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အာဂျင်တီးနားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာရာဖေလ်ဘီရယ်လ်ဆာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်မည်

ရန်ကုန် မေ ၂၄

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများ၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ထားဝယ်မြို့တွင် ၁ဒသမ၆၂လက်မ၊ သထုံမြို့တွင် ၁ဒသမ၅၀လက်မနှင့် ကျိုင်းတုံမြို့တွင် ၁ဒသမ၀၆လက်မ တို့ဖြစ်ကြသည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတွင် ဖြစ်မြဲထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဖြစ်မြဲထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်ထိ၊ဧရာဝတီတိုင်းတွင်ဖြစ်မြဲထက် ၁၀ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။ထူးခြားသည့် နေ့အပူချိန်များမှာ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၄၂ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေသည်။ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မေ ၂၅ရက်ညနေထိ ခန့်မှန်းချက်မှာ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့၌နေရာကျဲကျဲ၊ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း၆၀ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်မည်။

(မြန်မာ့အလင်း)

မွန်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကျင်းပ အစီရင်ခံစာပါလုပ်ငန်းစဉ်ကြီးငါးရပ်နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေး

ရန်ကုန် မေ ၂၄

မွန်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့အကြိုညီလာခံ(၂၀၀၅)ကို ယမန်နေ့ နံနက် ၉နာရီတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာမွန်ပြည်နယ်စစ်မှုထမ်းဟောင်း အဖွဲ့နာယက အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ညီလာခံ(၂၀၀၅)ကျင်းပရေး ဗဟိုဦးစီးကော်မတီဝင် စက်မှုလယ်ယာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဝင်းမော်(ငြိမ်း)၊ မွန်ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်/ခရိုင်/မြို့နယ် စစ်မှုထမ်းဟောင်း အလုပ်အမှုဆောင်များ၊လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ အမှုဆောင်များ၊ အရန်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အကြိုညီလာခံ ပထမပိုင်းကို ကျင်းပရာ သဘာပတိအဖြစ် မွန်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ နာယက ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်မျိုးလှက ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် မွန်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အရန်အဖွဲ့ဝင် ဒေါ်သီတာအောင်မြင့်နှင့် ဒေါ်အေးအေးကြူတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးက အကြိုညီလာခံသို့ တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ် ၅၀၀တက်ရောက်၍ တက်ရောက်မှုရာခိုင်နှုန်း၁၀၀ရှိသဖြင့် အကြိုညီလာခံ အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အကြိုညီလာခံ စတင်ကြောင်းကြေညာသည်။

အဖွင့်အမှာစကား

ထို့နောက်သဘာပတိ မွန်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ နာယက ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မွန်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့သို့ အရှေ့တောင်တိုင်း စစ်ဌာနချုပ်က လှူဒါန်းငွေ ကျပ်သိန်း၅၀နှင့် မွန်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့အကြို ညီလာခံ(၂၀၀၅)သို့အလှူရှင်ရှစ်ဦးတို့က လှူဒါန်းငွေကျပ် ၃၈သိန်း စုစုပေါင်း လှူဒါန်းငွေကျပ် ၈၈သိန်းတို့ကို အရှေ့တောင်တိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ မွန်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်က လက်ခံရယူပြီး အခမ်းအနားပထမပိုင်း အစီအစဉ်ကို ခေတ္တရပ်နားသည်။

သဘာပတိ

ထို့နောက် အကြိုညီလာခံ ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိ မွန်ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးတင်လှိုင်(ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးသော်ဇင်၊ ဗိုလ်မှူးကြီးစိုးပိုင်(ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးအောင်ခင်ကျော်(ငြိမ်း)တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅) သို့တင်သွင်းသည့် အစီရင်ခံစာကို ဒုတိယဗိုလ်မှူးကြီးတင်အောင်၊ ဗိုလ်မှူးလှမျိုး(ငြိမ်း)နှင့် ဗိုလ်ကြီးသက်ဦးလွင်(ငြိမ်း)တို့က တင်ပြကြသည်။

ဆက်လက်၍ မွန်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)သို့တင်သွင်းသည့် အစီရင်ခံစာပါ လုပ်ငန်းကဏ္ဍကြီး ငါးရပ်ကို ဆွေးနွေးတင်ပြကြရာ ဗိုလ်ကြီးသက်အောင်(ငြိမ်း)က အမျိုးသားနိုင်ငံရေးကဏ္ဍကိုလည်းကောင်း၊ ဗိုလ်ကြီးခင်မောင်မြင့်(ငြိမ်း)က နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍကိုလည်းကောင်း၊ ဗိုလ်ကြီးခင်မောင်ရွှေ(ငြိမ်း)က စီးပွားရေးကဏ္ဍကိုလည်းကောင်း၊ ဗိုလ်ကြီးဘုန်းလွင်(ငြိမ်း)က လူမှုရေးနှင့်သက်သာချောင်ချိရေးကဏ္ဍကို လည်းကောင်း၊ ဗိုလ်ကြီးတင်မောင်သန်း(ငြိမ်း)က ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍကိုလည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မွန်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)က ချမှတ်မည့် ရှေ့လုပ်ငန်းစဉ်ငါးရပ်၊ ဆုံးဖြတ်ချက်သုံးရပ်၊ အတည်ပြုခြင်း တစ်ရပ်နှင့်မှတ်တမ်းတင်ခြင်း သုံးရပ်တို့ကို သဘာပတိက ညီလာခံကိုယ်စားလှယ်များ၏ သဘောတူညီချက်ကို ရယူကာအတည်ပြုကြောင်းကြေညာသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး ကြွေးကြော်သံများဖြင့် အကြိုညီလာခံကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၅-၅-၂၀၀၅

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၆။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၀	၇။	အရေးပြိုင်ပွဲ
၈း၂၀	၈။	သုံးဆယ်ရေလှောင်တမံ
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၇း၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၃၀	၇။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇း၄၀	၈။	သီချင်းကြီးပဒေသာ
၁၇း၅၅	၉။	မြန်မာစာ မြန်မာစကား
၁၈း၀၅	၁၀။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈း၁၅	၁၁။	Discovery
၁၈း၂၀	၁၂။	မှုဟန်သွယ်သွယ်ဆိုကြမယ်
၁၈း၃၀	၁၃။	ညနေခင်းသတင်း
၁၉း၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၅။	လူငယ်တွေ့ဆုံပွဲနှင့် နီးနှော ဖလှယ်ပွဲ(ပုဂံ)[အပိုင်း-၃]
၁၉း၂၀	၁၆။	တေးဂီတအစီအစဉ်
၁၉း၃၅	၁၇။	ကြွခိုင်ကျန်းမာပြည်မြန်မာ
၁၉း၄၅	၁၈။	တေးဂီတအစီအစဉ်
၂၀း၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	၂၀၀၄ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ(ရုပ်သေး) **"မဟော်သဓာဇာတ်တော်ကြီး"** (ဒုတိယဆု) (ဧရာဝတီတိုင်း)
	၂၃။	နောက်တစ်နေ့အစီအစဉ်

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ

ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် မေလ ၁၇ ရက်နေ့အထိ နိုင်ငံအဝန်းတွင်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၇၁၁၆)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ဖဲကြိုးဖြတ်ဖွင့်လှစ်

မေ ၂၂ ရက်က ဗိုလ်တထောင်မြို့နယ် အမှတ်(၇)ရပ်ကွက် စာပန်းအိမ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဆောက်အအုံတွင် ကျင်းပရာ မြို့နယ်ထွေ/အုပ် ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစစ်အောင်လတ်၊ ရပ်ကွက် ဥက္ကဋ္ဌ ဦးမောင်မောင်ခင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ညိမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

အစင်ရွာမှ အရုဏ်ဦး

ဦးမောင်မောင်စိုးတင့်
(အငြိမ်းစားသံအမတ်ကြီး)

အစင်ရွာ၏ အရှေ့ဘက်အရပ်မှ ရှေးဦးစွာ ထွက်ပေါ်လာသည့် အရုဏ်ဦး၏လင်းရောင်ခြည်များက အစင်ရွာလေးကို နံနက်ခင်းမှာ လှပလန်းဆန်းစေပါသည်။ ထိုနည်းတူ အစင်ကျေးရွာမှာ ပြုလုပ်နေကြသည့် ကုသိုလ်ကောင်းမှုများသည်လည်း အရုဏ်ဦး၏ လင်းရောင်ခြည်များပမာပင်ဖြစ်ပါသည်။ အစင်ကျေးရွာတွင် မတ်လ ၂၀ရက်နေ့မှ ၂၂ရက်နေ့အထိ ပညာရေးနှင့်ကျန်းမာရေး ကုသိုလ်ပြု လုပ်ငန်းနှစ်ရပ်ကို ယှဉ်တွဲအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

မြန်မာနိုင်ငံနယ်စပ်ဒေသ ဖွံ့ဖြိုးရေးအသင်းက အစင်ကျေးရွာ စာကြည့်တိုက်အတွက် စာအုပ်များကို စေတနာရှင် ဦးသန်းရှိန်၏ အလုပ်စခန်းတွင် မတ်လ ၂၂ရက် နေ့လယ်ပိုင်း၌ အခမ်းအနားဖြင့် ပေးလှူခဲ့ပါသည်။ အသင်းအနေဖြင့် ကျေးရွာလူထုအတွက် မျက်မှန်များပါ ပေးလှူခဲ့ရာ အလှူရှင် စေတနာရှင်ဦးသန်းရှိန်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မြင့်တို့က လက်ခံကြပါသည်။ သုတ၊ ရသစုံ လုံးချင်းစာအုပ်များ၊ မဂ္ဂဇင်းများနှင့် ဂျာနယ်ပေါင်းစုံ ၆၀၀ကျော်ကို ပေးလှူခဲ့ပါသည်။ ထို့အပြင် မျက်မှန်အလက်ပေါင်း ၅၂၂လက်နှင့် မျက်ကပ်မှန် ၇၈စုံကိုလည်း ပေးလှူခဲ့ပါသည်။ ရပ်ရွာလူထု၏ ပညာဗဟုသုတ တိုးပွားရေးအတွက် စာအုပ်များကိုလည်းကောင်း၊ အမြင်လင်းရန် မျက်မှန်နှင့်မျက်ကပ်မှန်များကိုလည်းကောင်း ယှဉ်တွဲပေးလှူရသည်မှာ အထူးပင် လိုက်ဖက်ပြီး အကျိုးရှိ ထူးခြားလှပါသည်။

အခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ထို့အပြင် ခန်းမအပြင်ဘက်တွင် မျက်စိခွဲစိတ်ကုသ၍ မျက်ကပ်မှန်ထည့်ရန် စောင့်ဆိုင်းနေသူများ၊ မျက်စိစစ်ဆေး၍ မျက်မှန်ရရှိရန် စောင့်ဆိုင်းနေသူများကလည်း စာအုပ်စာတမ်းနှင့် မျက်မှန်ပေးလှူသည့် အခမ်းအနားမှ ပြောကြားချက်များကို ပါဝင်နားထောင်ကြသည်။ ကျွန်တော်က စာကြည့်တိုက်များသည် တိုင်းရင်းသား ပြည်သူအပေါင်းအား နေရောင်လရောင်ပမာ

ဆရာဝန်ကြီးများ၏ ညွှန်ကြားသည့် ဆေးများကို ကျေးရွာပြည်သူများအား ထုတ်ပေးနေသည်ကို တွေ့ရစဉ်။

အသိပညာ အလင်းရောင်ပေးနိုင်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး နိုင်ငံတော်တစ်ဝန်းရှိ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ရန် ဆောင်ရွက်မှုကို ကျွန်တော်တို့အသင်းက ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆိုပြီး ဤသို့ စာအုပ်စာတမ်းများ လှူဒါန်းရခြင်းဖြစ်ကြောင်း၊ ကျေးရွာသူကျေးရွာသားများ စာဖတ်ဝါသနာပါကာ စာပေနှင့် မွေ့လျော်ကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ကျေးရွာဥက္ကဋ္ဌ ဦးမောင်မြင့်က သားဖွားခန်းအနီးရှိ စာကြည့်တိုက်ဖွင့်လှစ်မည့် တိုက်အိမ်တစ်လုံးကို လိုက်လံပြသ၍ စာကြည့်တိုက် အောင်မြင်ရေးအတွက် စည်းရုံးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဝမ်းသာအားရ ပြောကြားပါသည်။

ဤကဲ့သို့ မွန်ပြည်နယ်၊ ရေးမြို့နယ်အတွင်းရှိ အစင်ကျေးရွာသို့ မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေး အသင်းရောက်ရှိပြီး ကျေးရွာ စာကြည့်တိုက်အတွက် စာအုပ်စာတမ်းများနှင့် မျက်မှန်များကို ပေးလှူခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော်တို့အဖွဲ့သည် ဆရာဝန်ကြီးများနှင့် ပူးပေါင်းပြီး မြတ်သူရကုမ္ပဏီလီမိတက်ပိုင်ရှင် အစင်ကျေးရွာသား ဦးသန်းရှိန်၏ ဖိတ်ကြားချက်အရ အစင်ကျေးရွာသို့ မော်တော်ယာဉ်နှစ်စီးဖြင့် ၁၉-၃-၂၀၀၅ရက်နေ့ နံနက်စောစော၌ တပျော်တပါး ခရီးထွက်ခဲ့ကြသည်။ ၂၀-၃-၂၀၀၅ရက်မှ ၂၂-၃-၂၀၀၅ ရက်အထိလိုက်ပါလာသည့် ဆရာဝန်ကြီး ၃၀တို့က တစ်နေ့လုံး လာရောက်ပြသကြသည့်ဒေသခံပြည်သူတို့အား ဆေးကုသပေးကြသည်။ ခွဲစိတ်ခန်းနှစ်ခန်း ပြင်ဆင်ပြီး တစ်ခန်းတွင် မျက်စိများ ခွဲစိတ်ကုသ၍ မျက်ကပ်မှန်များ တပ်ဆင်ပေးသည်။ တစ်ခန်းတွင် အထွေထွေ ခွဲစိတ်ကုသမှုများကို ခွဲစိတ်ကုသ ခုတင်သုံးခုတွင် တစ်ပြိုင်နက် ပြုလုပ်ပေးသည်။ ကျွန်တော်ဝင်ရောက် လေ့လာရာ ဗိုလ်မှူးကြီး မြင့်မောင်မောင်(ငြိမ်း)က အမျိုးသမီးကြီး တစ်ဦး၏ ဝမ်းဗိုက်ကိုခွဲစိတ်ကုသရင်း အေးအေးဆေးဆေး ပြောဆို ရှင်းပြပြီး ဝမ်းဗိုက်အတွင်းမှ ဘောလုံးကြီးကို ထုတ်ပေးနေသည်။ ပါမောက္ခ ဒေါက်တာမြတ်သူရ၊ ဆရာဝန်ကြီး ဒေါက်တာ ခင်မော်ဦးနှင့် အဖွဲ့တို့က အခြားခွဲစိတ်ခုတင်တစ်ခုပေါ်တွင် အူကျသူများကို တစ်ယောက်ပြီး တစ်ယောက် မမောနိုင်၊ မပန်းနိုင် ခွဲစိတ်ကုသပေးနေကြသည်။ အခြားခွဲစိတ်ခုတင်တစ်လုံးတွင် ဒေါက်တာမျိုးထွန်းနှင့် ဒေါက်တာသက္ကတို့က နှုတ်ခမ်းကွဲနေသော ကလေးများကို တယုတယ ခွဲစိတ်ပေးနေကြသည်။ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာထင်မြတ်နှင့် အဖွဲ့ကလည်း ဤခွဲစိတ် ခုတင်သုံးလုံးတွင် လှည့်ပတ်ပြီး အလုပ်များနေကြသည်။ မျက်စိခွဲစိတ်ခန်းတွင် ဒေါက်တာမျိုးခိုင်နှင့် ဒေါက်တာရဲနိုင်တို့က မျက်စိများကိုအေးဆေးစွာခွဲစိတ်ကုသပြီး မျက်ကပ်မှန်များ တပ်ဆင်ပေးနေကြသည်။ ဤသို့ တစ်နေရာတည်းတွင် ခွဲစိတ်ကုသမှုမျိုးစုံကို ကြည့်ရှု လေ့လာရသည်မှာ ကျွန်တော်တို့ အတွက် များစွာ ဗဟုသုတရရှိသည်။ သမီး မို့မို့စိုးက ကင်မရာတစ်လုံးဖြင့်မှတ်တမ်းတင်ပြီး လူနာများကို ဝင်ရောက်ဖေးမကူညီကာ အလုပ်များနေပါသည်။

မျက်စိကို ခွဲစိတ်ကုသပေးပြီး မျက်ကပ်မှန် တပ်ဆင်ပေးနေသည်ကို ဤသို့ တွေ့ရသည်။

ပြင်ပလူနာ ကုသခန်းများကိုလည်း အနီးရှိ မူလတန်းကျောင်းတွင် ဖွင့်လှစ်ထားပါသည်။ သွားနှင့်ခံတွင်း ကုသခန်းတွင် ဒေါက်တာမြင့်နိုင်နှင့် ဒေါက်တာသိန်းကြူတို့ အဖွဲ့က သွားများပြုပြင်ပေးခြင်း၊ နုတ်ပေးခြင်းများ ပြုလုပ်ပေးကြသည်။ အထွေထွေရောဂါ ကုသခန်းတွင် ဆရာကြီးဒေါက်တာလှမြင့်ကိုယ်တိုင် ထိုင်၍ စိတ်ရှည်လက်ရှည် စမ်းသပ်ကုသပေးသည်။ ကလေးရောဂါ ကုသခန်းတွင် ဒေါက်တာစောအောင်မြသိန်းက ကလေးလူနာများကို ချော့မော့ပြီး ကုသပေးနေသည်မှာ ကြည်နူးဖွယ် ကောင်းလှသည်။ အရေပြား ရောဂါကုသခန်းတွင် ဒေါက်တာစောဝါးထူးနှင့်အဖွဲ့က အရေပြား သန့်ရှင်းလှပရေးအတွက် အကြံပေးရင်း ကုသပေးနေသည်။ မျက်စိ မျက်မှန်စိစစ်ရေးအခန်းတွင် ဦးသန်းစိုးနှင့် ဇနီးဒေါ်သန်းသန်းတို့ အဖွဲ့က ပွဲလာသည့်ပမာ များပြားလှသော ရွာသူရွာသားများကို မျက်စိများ စမ်းသပ်စစ်ဆေးပေးပြီး လိုက်ဖက်သည့် ပါဝါမှန်များကို သွေးကာ မျက်မှန်များ တပ်ဆင်ပေးကြသည်။ ကျွန်တော်တို့အသင်း၏ ကော်မတီဝင် ဒုတိယဗိုလ်မှူးကြီးညီဖြူ(ငြိမ်း)က အနီးကပ်ကြည့်ရှုအားပေးနေသည်။ မျက်မှန်များကိုယ်စီတပ်၍ ထွက်လာကြသော ရွာသူရွာသားများကိုကြည့်ပြီး ကျွန်တော်တို့တစ်တွေ ကြည်နူးဝမ်းမြောက်နေကြသည်။ ဤကဲ့သို့ **ဆရာဝန်ကြီးများက ရွာပေါင်းစုံမှ ကျေးရွာသူကျေးရွာသား သုံးထောင်ကျော်ကို သုံးရက်တိုင်တိုင် ဆေးဝါးကုသပေးခြင်း၊ လိုအပ်သလို ခွဲစိတ်ကုသပေးခြင်းများကို မမောနိုင်၊ မပန်းနိုင် စေတနာထားကာ ဆောင်ရွက်ပေး**နေကြသည်ကိုကြည့်ပြီး ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများကို ချီးကျူး ကျေးဇူးတင်မိပါသည်။

အဖွဲ့ဝင်လေးဆယ်နီးပါးမျှရှိသည့် ကျွန်တော်တို့အဖွဲ့နှင့် ဆေးကုသသည့် ပရိသတ်ကို နေ့ရောညပါ ဟင်းမျိုးစုံဖြင့် တာဝန်ခံချက်ပြုတ်ကျွေးမွေး ဧည့်ခံကြသည့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်မြင့်၏ ဇနီးနှင့်အဖွဲ့၊ ကျွန်တော်တို့နေထိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးသည့်အဖွဲ့၊ လူနာခန်းများတွင် ကူညီစောင့်ရှောက်ပေးသည့် အဖွဲ့စသည်တို့ကို ကျွန်တော်တို့အားလုံး သတိရကျေးဇူးတင်နေပါသည်။

ဤကဲ့သို့ အစင်ကျေးရွာ ကျန်းမာရေးနှင့် ပညာရေးခရီးစဉ် ဖြစ်မြောက်အောင် အစ၊ အလယ်၊ အဆုံး အားလုံးကုန်ကျစရိတ်ငွေကျပ်သိန်းတစ်ရာကျော် ကုသိုလ်ပြုကျခံပေးသည့် အလှူရှင် ဦးသန်းရှိန်နှင့်ဇနီး ဒေါ်စန်းစန်းဝင်းတို့ကိုလည်း အထူးပင်ကျေးဇူးတင်ဂုဏ်ပြုမိပါသည်။ ဦးသန်းရှိန်သည် မာန်မာနမရှိ၊ ကိုယ်တိုင်ဝင်ရောက် လုပ်ကိုင်ပြီး ဤသို့ အများအကျိုးဆောင်ကာ ကျွေးမွေးပြုစုရသည်ကို ဝမ်းသာနေသူဖြစ်ပါသည်။ အလှူအတန်းမျိုးစုံကို ကျွန်တော်တွေ့မြင်ဖူးပါသည်။ ယခုကဲ့သို့ ကျန်းမာရေးနှင့် ပညာရေး အလှူအတန်းမျိုးကို တူယှဉ်တွဲ၍ မကြုံဖူးမတွေ့ဖူးသေးပါ။ ဤသို့ ငွေအားတတ်နိုင်သူက ငွေအားဖြင့်လည်းကောင်း၊ ပညာအားတတ်နိုင်သူက ပညာအားဖြင့်လည်းကောင်း၊ လုပ်အားတတ်နိုင်သူက လုပ်အားဖြင့်လည်းကောင်း ပါဝင်လှူဒါန်းမှုမျိုး မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မြောက်မြားစွာ ပေါ်ပေါက်ပါစေဟု ဆုတောင်းမိပါသည်။

ဆရာဝန်ကြီးများက ရွာပေါင်းစုံမှ ကျေးရွာသူကျေးရွာသား သုံးထောင်ကျော်ကို သုံးရက်တိုင်တိုင် ဆေးဝါးကုသပေးခြင်း၊ လိုအပ်သလို ခွဲစိတ်ကုသပေးခြင်းများကို မမောနိုင်၊ မပန်းနိုင် စေတနာထားကာ ဆောင်ရွက်ပေး။

ဤသို့သော လူမှုရေးအလှူဒါနသည် နိုင်ငံတော်ကချမှတ်ဆောင်ရွက်နေသည့် လူမှုရေးဦးတည်ချက်လေးရပ်ကို တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုပါသည်။ မြန်မာတို့၏ စေတနာစွမ်းအားကို ဖော်ထုတ်မြှင့်တင်ပေးနိုင်ပါသည်။ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ပြန့်ပွားရေးကိုလည်း ပိုမိုကျယ်ပြန့် ခိုင်မြဲစေပါသည်။

မွန်ပြည်နယ် အစင်ကျေးရွာ၏ အရုဏ်ဦးမှ ရောင်ခြည်များသည် တစ်နိုင်ငံလုံးသို့ ပျံ့နှံ့ထွန်းလင်းပါစေဟု ဆန္ဒပြုမိပါသည်။ ။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကြီးမှူး ပညာရေး ရင်းနှီးမြှုပ်နှံ မြှင့်တင်ခြင်း လုပ်ငန်းဆိုင်ရာ ထောက်ပံ့ငွေပေးအပ်

ရန်ကုန် မေ ၂၄

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ဧရာဝတီတိုင်း၏ ပညာရေးရင်းနှီးမြှုပ်နှံမြှင့်တင်ခြင်းလုပ်ငန်းဆိုင်ရာ ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၁၈ ရက်မွန်းတည့် ၁၂ နာရီက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ကျင်းပသည်။ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာသင်ဆုအလှူရှင်မန္တလေးမြို့ ဟွန်ဒါမြန်မာကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးက ဧရာဝတီတိုင်း၏ ပညာရေး ရင်းနှီးမြှုပ်နှံမြှင့်တင်ခြင်း လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းအမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ဦးတင်မောင်ပညာသင်ဆုရ ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်အသီးသီးမှ တက္ကသိုလ်အသီးသီးသို့ တက်ရောက်ကြမည့်ကျောင်းသား ကျောင်းသူများအား တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများက ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ဦးတင်မောင်ပညာသင်ဆုရရှိသူများကိုယ်စား ပုသိမ်အစိုးရ နည်းပညာကောလိပ်မှ ပထမနှစ် ကျောင်းသား မောင်ကျော်သက်ခိုင်က ကျေးဇူးတင်စကားပြောကြားပြီး တိုင်းမှူးနှင့် ဇနီး၊ အဖွဲ့ဝင်များက အလှူရှင် ဦးတင်မောင်နှင့် ပညာသင်ဆုရ ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး မိတ်ဆက်ပေးသည်။

ဧရာဝတီတိုင်းအတွင်း မြို့နယ်များအလိုက် ပညာရေးတွင် ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများနှင့် ပညာဆက်လက်သင်ကြားရန် အခက်အခဲရှိမည့် ထူးချွန်ကျောင်းသား မောင်မယ်များအား ပညာဒါနရင်းနှီးမြှုပ်နှံမှုအဖြစ် မန္တလေးမြို့ ဟွန်ဒါမြန်မာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်က အလှူငွေကျပ်သိန်း ၁၀၀၀ မတည်ပေးခဲ့ရာ မြန်မာ့စီးပွားရေးဘဏ်၌ အရင်းမပျောက်အပ်နှံ၍ ရရှိသော အကျိုးအမြတ်ကို ၂၀၀၅–၂၀၀၆ ပညာသင်နှစ်မှ စတင်ကာ စည်းမျဉ်းစည်းကမ်းနှင့်အညီ ကျောင်းသား ကျောင်းသူများရွေးချယ်၍ နှစ်စဉ်နှစ်တိုင်း တိုးချဲ့ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်ဦးလွင်မြို့နယ် ပင်လိမ်အလယ်ကျေးရွာ ဘုန်းရွှေပင်တံတားဖွင့်ပွဲကို မေ ၆ရက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဒုတိယရဲမှူးကြီးမောင်ကျော်နှင့် တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(၂၈၀)

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအား တွေ့ဆုံ တနင်္သာရီတိုင်း ဖွံ့ဖြိုးရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရေးမှာကြား

ရန်ကုန် မေ ၂၄

တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် မေ ၁၉ ရက်နံနက် ၁၀ နာရီက တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ မြိတ်မြို့ပေါ်ရှိ လုပ်ငန်းရှင်များအား တွေ့ဆုံ၍ တနင်္သာရီတိုင်းအတွင်း ဒေသဝမ်းစာဖူလုံရေး၊ ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်းများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးအကောင်အထည်ဖော် ဆောင်ရွက်ရေး၊ မြိတ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်း အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ဌာနအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို အသီးသီး ရှင်းလင်း တင်ပြကြပြီး လုပ်ငန်းရှင်များက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

မှာကြား

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး တနင်္သာရီတိုင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုသိမ်ခရိုင် ကန်ကြီးထောင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့သန့်ရှင်းသာယာလှပစေရေးအတွက် ပန်းအလှပင်များ ပျိုးထောင်ခြင်းလုပ်ငန်းကို မေ ၁၀ရက်က စုပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးလှသိန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၃)ဦးသန့်ဇင်ထွဋ်တို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(၁၀၈)

ပဲခူးတိုင်း ယဉ်ကျေးမှုနှင့် အဆို၊ အက၊ အရေး၊ အတီး သင်တန်းဆင်း တိုင်းမှူးဗိုလ်ချုပ်ကိုကို တက်ရောက် သင်တန်းဆင်းလက်မှတ်ပေးအပ်

ရန်ကုန် မေ ၂၄

ပဲခူးတိုင်း ယဉ်ကျေးမှုနှင့် အခြေခံအဆင့် အဆို၊ အက၊ အရေး၊ အတီး သင်တန်းအမှတ်စဉ် (၁/၂၀၀၅) သင်တန်းဆင်းပွဲကို မေ ၂၀ရက် နံနက် ၉ နာရီက ပဲခူးမြို့ သီရိဥသျှာခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဇနီး၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ များ၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)မှ နည်းပြ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ယဉ်ကျေးမှုတက္ကသိုလ်မှ နည်းပြ ဆရာ ဆရာမများအတွက် ဂုဏ်ပြုလက်ဆောင်များကို နည်းပြဆရာမ တစ်ဦးထံ ပေးအပ်သည်။

သင်တန်းဆင်းလက်မှတ်ပေး

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား သင်တန်းသူကိုယ်စားလှယ်များထံ ပေးအပ်ပြီးနောက် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ နည်းပြဆရာမ ဒေါ်ပြုံးမြမြကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖျော်ဖြေ

ထို့နောက် သင်တန်းဆင်း သင်တန်းသား သင်တန်းသူများက အဆို၊ အက၊ အတီး သီချင်းများဖြင့် ဖျော်ဖြေကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆေးတက္ကသိုလ်(၁)ကျောင်းသားကျောင်းသူများ ပြည်သူ့ကျန်းမာရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မေ ၂၄

ဧရာဝတီတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် ဆေးတက္ကသိုလ်(၁) နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ ပြည်သူ့ကျန်းမာရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ခြင်းကို မေ ၂၁ ရက် နံနက်ပိုင်းက ပုသိမ်မြို့နယ် မဒေါကုန်းကျေးရွာရှိ ပုသိမ်–ငွေဆောင်လမ်း ဖောက်လုပ်ရေးစီမံကိန်း အခြေစိုက်စခန်း ခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်တင်တင်လတ်၊ ခရိုင်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဦးနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

အစီအစဉ်အရ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်လတ်က အမှာစကားပြောကြားပြီး ဆေးတက္ကသိုလ်(၁) ကျောင်းသား မောင်မိုးသီဟအောင်က တစ်ကိုယ်ရေသန့်ရှင်းမှုအကြောင်းနှင့် ကျောင်းသား မောင်မျိုးထက်အေးက ငှက်ဖျားရောဂါအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ပုသိမ်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ငြိမ်းငြိမ်းသန်းက ကျန်းမာရေးလုပ်ငန်းနှင့်ပတ်သက်သည့် ဗဟုသုတ အသိပညာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြ၍ တက်ရောက်လာကြသူများက သိလိုသည့် ကျန်းမာရေး ဗဟုသုတ မေးမြန်းချက်များကို မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာဝင်းတင်နှင့် ကျောင်းသားများက ရှင်းလင်းဆွေးနွေး ပြောကြားကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် တိုင်းမှူး၏ဇနီးနှင့် တာဝန်ရှိသူများသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လာရောက်ကုသသည့်လူနာများအား လှည့်လည်အားပေးကြည့်ရှုကာ တက်ရောက်လာကြသူများအား အိုင်အိုဒင်းဆားထုပ်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပန်းအလှပင်များ မျိုးထောင်

မေ ၉ ရက်က အမ်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ၂၀၀၅–၂၀၀၆ ခုနှစ် မိုးရာသီ မြို့သာယာလှပရေး အတွက် ပန်းအလှပင်များအား ပြုစုပျိုးထောင်ထားရှိမှု အခြေအနေကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခိုင်ထူးက ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

ဒိုက်ဦးမြို့နယ်၌ မြတ်ပန်းငုံ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် ရေရှည်တည်တံ့ရေးရှင်းလင်း၊ သုတရသစာအုပ်များလှူဒါန်း

ဒိုက်ဦး မေ ၁၇

ဒိုက်ဦးမြို့နယ် မအူကုန်းကျေးရွာ မြတ်ပန်းငုံ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၇ရက် နံနက် ၉နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးသန်းအေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန်းဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးသူ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခတ်ပုံကျွမ်းကျင်(၂)ဦးနေလင်းနှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးကျော်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

ရှင်းလင်းပြောကြား

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးသန်းအေးက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးဒေါ်ခင်စန်းဦးက စာကြည့်တိုက် ရေရှည်တည်တံ့ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ကိုကိုမှ လှူဒါန်းသော သုတ၊ ရသစာအုပ်များ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသောစာအုပ်များ၊ စာပေဗိမာန်စာမူဆုရ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)က လှူဒါန်းသော သုတ၊ရသစာအုပ်များနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခတ်ပုံကျွမ်းကျင်(၂) ဦးနေလင်း လှူဒါန်းသော သုတ၊ရသစာအုပ်များ စုစုပေါင်းစာအုပ် ၃၀၀ ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်

အင်းတော်မြို့နယ်တွင် စီမံကိန်းတာဝန်ပေးအပ်

အင်းတော် မေ ၁၆

အင်းတော်မြို့နယ် ၂၀၀၅-၂၀၀၆ခုနှစ် သီးနှံစိုက်ပျိုးရေးစီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၀ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု ၄၀နှင့် ရပ်ကွက် သုံးခုမှ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးခင်မောင်လေး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးအောင်စိုး၊ မြို့နယ်မြေစာရင်းဦးစီးဌာနဦးစီးမှူး ဦးတင်ဝင်းသိန်းတို့က ၂၀၀၅-၂၀၀၆ခုနှစ်အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြပြီး မြို့နယ်ဥက္ကဋ္ဌက ကျေးရွာအုပ်စုတစ်စုချင်းအလိုက် စီမံကိန်းတာဝန်များ ပေးအပ်သည်။

အင်းတော်မြို့နယ်တွင် ၂၀၀၅-၂၀၀၆ခုနှစ်၌ မိုးစပါးဧက ၄၃၇၇၀၊ နွေစပါးဧက ၁၄၀၀၊ ပဲမျိုးစုံ ၅၉၈၂ဧက၊ ဆီထွက်သီးနှံ ၂၇၂၆၇ဧက၊ ကြံ ၄၈၉၃ဧက၊ စားဖိုဆောင်သီးနှံ ၄၅၃ဧကနှင့် အခြားသီးနှံ ၂၄၈၅ဧကတို့ကို စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၃၃)**

ဖယ်ခုံမြို့တွင် ကျောက်ချောလမ်းခင်းရန် ကွင်းဆင်းတိုင်းတာ

ဖယ်ခုံ မေ ၈

ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၅-၂၀၀၆ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် မြို့ပြ ကျောက်ချောလမ်းခင်းရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းလမ်း အရှည်ပေ ၅၂၀၀ရှိသည့်အနက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပေ ၂၂၀၀နှင့် ပြည်သူလူထုမှ ပေ ၃၀၀၀ ပါဝင်ဆောင်ရွက်မည်ဖြစ်ရာ ကွင်းဆင်းတိုင်းတာခြင်း လုပ်ငန်းကို ဧပြီ ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောဒီးဒီ၊ အင်ဂျင်နီယာ ဦးကျော်မြင့်နိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၃) ဦးဇော်မင်းထွန်းတို့ ကွင်းဆင်းကြည့်ရှုတိုင်းတာကြသည်။ **(အောက်ပုံ)**

(နယ်စပ်/စည်ပင်)



မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော အောက်ကျောင်းကျေးရွာ ဦးစောအောင်၏ ကျေးလက် အိမ်ရာဆောက်လုပ်ပြီးစီးမှု အခြေအနေကို ဧပြီ ၂၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ် စည်ပင်)

မုံရွာမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့် စာအုပ်၊ ပရိဘောဂနှင့် အလှူငွေများပေးအပ်

မုံရွာ မေ ၁၈

မုံရွာမြို့နယ် ပုဏ္ဏားမော်အုပ်စု ရေလယ်ကျွန်းရွာတွင် အလင်းရောင် စာကြည့်တိုက်၊ ဘုမ္မနီးအုပ်စုကျောင်းစုရွာတွင် သုတပဒေသာစာကြည့်တိုက်နှင့် နတ်ကြီးကျွန်းအုပ်စု ဂျီးစုရွာတွင် ပညာအလင်းတန်းစာကြည့်တိုက်များ ဖွင့်ပွဲ အခမ်းအနားကို မေ ၅ရက်နံနက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ် ဦးစီးမှူး ဒေါ်သောင်းသောင်းဝင်းနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်ပြီး မြို့နယ် ဦးစီးမှူး ဒေါ်သောင်းသောင်းဝင်းက ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ကျေးလက်နေ ပြည်သူများ စာပေလေ့လာရေး အကြောင်းများကို ရှင်းလင်း ဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များ၊ အလှူငွေများနှင့် ပရိဘောဂများ ပေးအပ်လှူဒါန်းကြကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော ကျီကုန်း-ရွှေဒါးကျလမ်း မြေသားတာပေါင်မြှင့်တင်ခြင်း လုပ်ငန်းကို ဧပြီ ၂၀ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကြီးနှင့် အမှုဆောင်အရာရှိ ဦးသန်းဦးတို့က ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးတင့်လွင်ဦးက ရှင်းလင်းတင်ပြစဉ်။ (နယ်စပ်/စည်ပင်)

ဟသ်ာတမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် သုတ၊ ရသစာအုပ်မျိုးစုံနှင့် ဗီရိုတစ်လုံးလှူဒါန်း

ဟသ်ာတ မေ ၂၀

ဟသ်ာတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကူညီပံ့ပိုးမှုတို့ဖြင့် ဟသ်ာတမြို့နယ် အင်္ဂပိုကျေးရွာရှိ အရဏ်ဦးကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် ပရိဘောဂ၊ စာအုပ်များလှူဒါန်းပွဲ အခမ်းအနားကို မေ ၅ရက် အဆိုပါကျေးရွာ စာကြည့်တိုက်၌ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိ ဦးစောမောင်၊ မြို့နယ်အတွင်းရေးမှူး ဦးလှဝင်းအောင်နှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးထွန်းရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ဝဲပုံ)**

ထို့နောက် ခရိုင်ဦးစီးအရာရှိ၊ မြို့နယ်အတွင်းရေးမှူးတို့က စာကြည့်တိုက်များဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ စာပေအကြောင်းသိကောင်းစရာများနှင့် စာကြည့်တိုက်ရေရှည် တည်တံ့ရေးတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

လက်ခံရယူ

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ သုတ၊ ရသစာအုပ်ပေါင်း ၁၀၀၊ ဦးငွေမြင့်-ဒေါ်မြင့်မြင့်သန်းတို့က စာအုပ်ထည့်ရန် သစ်သားဗီရိုတစ်လုံးတို့ကို လှူဒါန်းရာကျေးရွာဥက္ကဋ္ဌ ဦးထွန်းရွှေက လက်ခံရယူသည်။

(ခရိုင် ပြန်/ဆက်)

စီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့် ရည်ရွယ်ချက်နှင့် စည်းကမ်းများရှင်းလင်း

သပိတ်ကျင်း မေ ၁၀

ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် စီမံခန့်ခွဲမှု အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၀၅)သင်တန်းဖွင့်ပွဲကို မေ ၁ ရက် နံနက် ၈ နာရီက ကြာညှပ်ကျေးရွာရှိ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း သံလွင်ဆောင်တွင် ကျင်းပသည်။

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အသင်း အတွင်းရေးမှူး ဦးသန်းအောင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များနှင့် စည်းကမ်းများ ရှင်းလင်းပြောကြားကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

❐ *ကျောဖုံးမှ*

အသက်(၁၉)နှစ်အောက် International 420 Class ၌ အမျိုးသား၊ အမျိုးသမီး ၁၀ဦး ပါဝင်ပြီး ဧပြီ ၂၀ ရက်မှ မေ ၃၁ ရက်အထိ ဩစတြေးလျနိုင်ငံမှ ကမ္ဘာ့ချန်ပီယံ ရွက်လှေအားကစားသမားများ၏ နည်းပြဖြစ်သူ Mr. Denis Jones က လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ပြည်ပစေလွှတ်ယှဉ်ပြိုင်မည်

ချောင်းသာ ပင်လယ်ပြင်လေ့ကျင့်ရေးအစီအစဉ်ပြီးဆုံးပါက လက်ရည်ကောင်းသူများကို ရွေးချယ်ပြီး ပြည်ပပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင် လက်ရည်စမ်းစေမည် ဖြစ်သည်။ International 420 Class အားကစားမောင်မယ်များအား တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပမည့် 2005 ISAF Youth World Championship နှင့် ပြင်သစ်နိုင်ငံ၌ကျင်းပမည့် 420 Class World Championship တို့သို့ စေလွှတ်ယှဉ်ပြိုင်ရန် အစီအစဉ်ရှိကြောင်း သိရသည်။

ပထမဆုဆွတ်ခူး

သက်ကြီးတန်းဖြစ်သည့် International 470 Class အတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်မှုများကိုလည်း ပြုလုပ်လျက်ရှိရာ ပထမဆုံးအစီအစဉ်အဖြစ် ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပခဲ့သည့် 14th Int'l Qatar Regattaပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်စေခဲ့ရာ မြန်မာအသင်းမှ မောင်အောင်မြင်သူနှင့် မောင်စိုင်းပြည့်စုံဟိန်းတို့ အတွဲက ပထမဆုဆွတ်ခူးရရှိခဲ့သည်။

မြန်မာနိုင်ငံ ရွက်လှေအားကစားအဖွဲ့ချုပ်အနေဖြင့် ၂၀၀၅ ခုနှစ် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ အောင်မြင်စွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ဒုတိယအစီအစဉ်အဖြစ် ဥရောပတစ်ခွင် ထိပ်သီးအသင်းများနှင့် ပူးတွဲလေ့ကျင့်မှု (Joint Tranning) ပြုလုပ်ရန်နှင့် ပြည်ပပြိုင်ပွဲများတွင် လက်ရည်စမ်းဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် Int'l 470 Class ရွက်လှေအသင်းသည် မေ ၁၀ ရက်က လေကြောင်းခရီးဖြင့် နယ်သာလန်နိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။

ဝင်ရောက်ယှဉ်ပြိုင်မည်

မြန်မာ့လက်ရွေးစင် Int'l 470 Classရွက်လှေအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးမင်းဇော်၊ အားကစားသမားများအဖြစ် မောင်အောင်မြင်သူ၊ မောင်စိုင်းပြည့်စုံဟိန်း၊ မစုမြတ်စိုးနှင့် မနွဲ့နွဲ့စမ်းတို့ လိုက်ပါသွားကြသည်။ မြန်မာရွက်လှေအသင်းသည် မေ ၁၂ ရက်မှစတင်၍ ဩစတြေးလျ နည်းပြ Mr. Craig Cobbin နှင့်အတူ မေ ၂၄ ရက်အထိ နယ်သာလန် လက်ရွေးစင်များနှင့် ပူးတွဲလေ့ကျင့်ပြီး မေ ၂၅ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ၌ ကျင်းပမည့် SPA Regatta ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ ပြီးဆုံးလျှင် ပိုလန်နိုင်ငံ၌ ဇွန် ၅ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် 2005 Int'l° 470 Europen Championship ပြိုင်ပွဲနှင့် ဂျာမနီနိုင်ငံ၌ ဇွန် ၁၈ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် Kiel Woche ပြိုင်ပွဲများ၌ပါဝင်ယှဉ်ပြိုင်ကာ စုစုပေါင်း ၄၅ ရက်ခန့် လေ့ကျင့်ယှဉ်ပြိုင်ပြီးနောက် ဇွန် ၂၈ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြမည် ဖြစ်သည်။

ဆက်လက်ကြိုးစားမည်

မြန်မာနိုင်ငံ ရွက်လှေအားကစားအဖွဲ့ချုပ်သည် ပြည်ပပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ရာ၌ ပြိုင်ပွဲဝင်လှေများကို ပြိုင်ပွဲကျင်းပမည့် နိုင်ငံများသို့ အဆင့်ဆင့်ပို့ဆောင်ပြီး ယှဉ်ပြိုင်ရခြင်းဖြစ်ရာ ငွေကြေးကုန်ကျမှုများသကဲ့သို့ အခက်အခဲများကြားမှ စီစဉ် ဆောင်ရွက်ရခြင်း ဖြစ်သည်။ သို့သော်လည်း မြန်မာနိုင်ငံ ရွက်လှေအားကစားအဖွဲ့ချုပ်အနေဖြင့် မည်မျှပင် အခက်အခဲများရှိစေကာမူ မလျှော့သော ဇွဲလုံ့လဖြင့် အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်မွေးကာ ဆက်လက်ကြိုးစားသွားမည်ဟု သိရသည်။

ရွက်လှေအားကစားနည်းသည် မိမိကိုယ်ကို ယုံကြည်မှုနှင့် ရဲစွမ်း သတ္တိရှိမှုတို့ကို ဖော်ဆောင်ပြသရခြင်းဖြစ်ရာ မြန်မာလူငယ်များ၏ ရဲဝံ့စွန့်စားစိတ်ဓာတ်ကို ချောင်းသာပင်လယ်ပြင်၌ ဤသို့ တွေ့ရသည်။
(ရွက်လှေအဖွဲ့ချုပ်)

မြန်မာ့ရွက်လှေအားကစားသမားများသည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အောင်မြင်မှု မြင့်မားခဲ့သည်ဖြစ်ရာ အောင်မြင်မှုအစဉ်အလာ ထိန်းသိမ်းနိုင်ရေးအတွက် ချောင်းသာ ပင်လယ်ပြင်၌ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။
(ရွက်လှေအဖွဲ့ချုပ်)

မြန်မာနိုင်ငံ ရွက်လှေအားကစားအဖွဲ့ချုပ်သည် တစ်ချိန်သောအခါက ကျွန်းဆွယ် အားကစားပြိုင်ပွဲများ၌ ရွှေတံဆိပ်ဆုများ ဆွတ်ခူးနိုင်ခဲ့သည့် အစဉ်အလာကောင်းများ ရှိခဲ့သည်။ (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွက်လှေအားကစားနည်း မပါဝင်၍ ယှဉ်ပြိုင်ခွင့်မရခဲ့ချေ။ မြန်မာနိုင်ငံ ရွက်လှေအားကစားအဖွဲ့ချုပ်သည် နောက်ဆုံးပါဝင်ယှဉ်ပြိုင်ခဲ့သည့် (၂၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သည်။

အောင်မြင်မှုအရှိဆုံး

မြန်မာနိုင်ငံ ရွက်လှေအားကစားအဖွဲ့ချုပ်သည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့မှု အနေအထားအရ (၂၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ဆုတံဆိပ်အရေအတွက် အများဆုံးရရှိခဲ့ရာ အောင်မြင်မှုအရှိဆုံးဟု ဆိုရပေမည်။

အစွမ်းကုန်ပြင်ဆင်

မြန်မာနိုင်ငံ ရွက်လှေအားကစားအဖွဲ့ချုပ်သည် လူအင်အား၊ ငွေအင်အားစိုက်ထုတ်ကာ မြန်မာ့ရွက်လှေအားကစားအောင်မြင်မှုရရှိရေးအတွက် နေ့မအား၊ ညမနားဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ ရွက်လှေအားကစားအဖွဲ့ချုပ်သည် ထူးချွန်ထက်မြက်သည့် ရွက်လှေအားကစားသမားကောင်းများကို စဉ်ဆက်မပြတ်မွေးထုတ်လျက်ရှိသကဲ့သို့ လာမည့်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးအတွက် အစွမ်းကုန် ပြင်ဆင်လေ့ကျင့်လျက်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲအကြို ကီရင်ဖလားဘောလုံးပြိုင်ပွဲ ပီရူးအသင်းက အိမ်ရှင်ဂျပန်ကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိ

တိုကျို မေ ၂၄

၂၀၀၆ ကမ္ဘာ့ဖလားပွဲအကြို ပြင်ဆင်မှုအနေဖြင့် နိုင်ငံတကာဘောလုံးအသင်းများ ခြေစမ်းပွဲများ ကစားလျက်ရှိရာ ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ကီရင်ဖလား သုံးနိုင်ငံဘောလုံးပြိုင်ပွဲကို ၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဂျပန်၊ ပီရူးနှင့် ယူအေအီးအသင်းတို့ ပါဝင်ယှဉ်ပြိုင်သည့် ကီရင်ဖလားဘောလုံးပြိုင်ပွဲကို ဂျပန်နိုင်ငံ နီဂါတာမြို့ နီဂါတာအားကစားကွင်း၌ မေ ၂၃ ရက်က စတင်ကျင်းပရာ ပွဲဦးထွက်အဖြစ် အိမ်ရှင်ဂျပန်နှင့် ပီရူးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ပီရူးအသင်းက ဂျပန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။

ဂျပန်အသင်းသည် အာရှတိုက်၏ ဘောလုံးအင်အားကြီးအသင်းတစ်သင်းဖြစ်ရာ အာရှဇုန် အုပ်စုဘီတွင် အီရန်နောက်မှ ဒုတိယလိုက်နေသောအသင်းဖြစ်ပြီး ၂၀၀၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်ရန် အပြင်းအထန်ကြိုးစားနေသော အသင်းလည်းဖြစ်သည်။

ပီရူးအသင်းသည် တောင်အမေရိကဇုန် ၁၀ သင်းတွင် လက်ရှိအနေအထားအရ အဆင့်(၇)နေရာတွင် ရှိနေပြီး ၂၀၀၆ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ရန် အခြေအနေနှင့် အလှမ်းဝေးနေသောအသင်း ဖြစ်သည်။



ကီရင်ဖလား သုံးနိုင်ငံ ဘောလုံးပြိုင်ပွဲတွင် ဂျပန်နှင့် ပီရူးအသင်းတို့ယှဉ်ပြိုင်ကစားရာ ပီရူး ရှေ့တန်း တိုက်စစ်မှူး ပီရာရိုဖာနန်ဒို ထိုးဖောက်ကစားမှုကို ဂျပန်အလယ်တန်းမှ ယာဆူဟီတိုအင်ဒို (ယာ)ဟန့်တားရန် ကြိုးစားစဉ်။
(ဓာတ်ပုံ- အင်တာနက်)

ဂျပန်အသင်းသည် ပီရူးအသင်းကို အချိန်အတော်များများ ထိုးဖောက်ကစားနိုင်သော်လည်း တိုက်စစ်မှူးများ၏ အဆုံးသတ်မှုအားနည်းခြင်းနှင့် ဆန္ဒစောနေမှုတို့ကြောင့် ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။ အလယ်တန်းကစားကွက်ကို စိုးမိုးထားနိုင်ပြီး ဘယ်ညာတောင်ပံများမှ ဂိုးရှေ့သို့ ဖြတ်ပို့မှုများကိုလည်း ဂျပန်တိုက်စစ်မှူးများ အကျိုးရှိအောင် အသုံးမချနိုင်ခဲ့ပေ။

တောင်အမေရိကပုံစံ ကစားခိုင်းနေသည့် ဂျပန်အသင်းနည်းပြ ဇစ်ကိုသည် ဂျပန်အသင်း အနိုင်ရရှိရေး ပီရူးခံစစ်ကြောင်းကို ဘယ်ညာတောင်ပံများနှင့် အလယ်တန်းကစားသမားများပါ အုပ်စုဖွဲ့ ထိုးဖောက်ကစားစေခဲ့သော်လည်း ထိထိရောက်ရောက် ကန်သွင်းခွင့်ရရှိမှုအကြိမ် အနည်းငယ်သာရရှိခဲ့သည်။

ပီရူးအသင်းက ဂျပန်တိုက်စစ်ကို ဟန့်တားရင်း ဘောလုံးပိုင်ဆိုင်မှုများများဖြင့် တန်ပြန်တိုက်စစ်ဆင်ကစားနိုင်သော်လည်း ဂျပန် ခံစစ်မှူးများနှင့် အလယ်တန်းကပါ အဆင့်ဆင့်တားဆီးဖျက်ထုတ်ခဲ့သဖြင့် ပထမပိုင်းပွဲချိန်ပြီးဆုံးချိန်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ခဲ့ပေ။

ဒုတိယပိုင်း ပွဲချိန်တွင်လည်း ပီရူးတို့ ထိရောက်သော တိုက်စစ်ဆင်မှုများဖြင့် ထိုးဖောက်ဂိုးသွင်းရန် ကြိုးစားသော်လည်း ဂျပန်ဂိုးသမား ကာကွယ်နိုင်ခဲ့သည်။ ဂျပန်အသင်းကလည်း ပွဲချိန်ပြီးဆုံးခါနီးတွင် တိုက်စစ်အားမြှင့်တင်ကစားပြီး ဂိုးရရှိရေးကြိုးစားသော်လည်း ပွဲချိန်ပြည့်သည်အထိ ဂိုးမသွင်းနိုင်ဘဲရှိရာမှ လေလွင့်ချိန်ထပ်ဆောင်းပေးသည့်အချိန်တွင် ပီရူးမှ လူစားဝင်လာသူ အင်ရီကျူဇက်ဆယ်လိုက သွင်းယူခဲ့သဖြင့် တစ်ဂိုး-ဂိုးမရှိဖြင့် ပီရူးတို့ အနိုင်ရရှိခဲ့သည်။

ပွဲအပြီး ဂျပန်နည်းပြ ဇစ်ကိုက **"ဂိုးရှေ့မှာ ဘယ်လို ဖန်တီးရမယ်၊ ဘယ်လိုနေရာလွတ်တွေရအောင် လုပ်ရမယ်ဆိုတာ လိုအပ်နေကြောင်း ဖော်ပြလိုက်တာဖြစ်တယ်။ အခွင့်အရေးကောင်းတွေကို ကျွန်တော်တို့ လက်လွှတ်ခဲ့ရတယ်"**ဟု ပြောကြားသွားသည်။

ပီရူးအသင်း နည်းပြသစ်ဖြစ်သူ ဖရက်ဒီတာနီရိုက **"ကျွန်တော့်အသင်းအတွက် ပထမဆုံးနိုင်ပွဲရအောင် စွမ်းဆောင်ပေးနိုင်လို့ ဝမ်းသာရပါတယ်။ ဂျပန်အသင်း ရေရှည်မှာ အောင်မြင်မှုရရှိမယ့်အသင်းဖြစ်မယ်"**ဟု ပြောဆိုခဲ့သည်။ **(အင်တာနက်)**

ဒဗလျူဘီစီ၏ လိုက်ဟဲဗီးဝိတ်ချန်ပီယံလုပွဲ ပိုလန်မှ တိုမက်ဇ်က အမှတ်ဖြင့်အနိုင်ရရှိ

ဝါရှင်တန် မေ ၂၄

ကမ္ဘာ့လက်ဝှေ့ကောင်စီ(ဒဗလျူဘီစီ)၏ လိုက်ဟဲဗီးဝိတ်ချန်ပီယံလုပွဲကို အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့တွင် မေ ၂၃ ရက်က ပိုလန်မှ တိုမက်ဇ် အဒါမက်ခ်နှင့် ဩစတြေးလျမှ ပေါလ်ဘရစ်တို့ ယှဉ်ပြိုင်ထိုးသတ်ရာ တိုမက်ဇ် အဒါမက်ခ်က အနိုင်ရရှိသွားသည်။

တိုမက်ဇ်နှင့် ပေါလ်ဘရစ်တို့ အမှားအယွင်းစောင့်ပြီး အပြန်အလှန်ထိုးသတ်နိုင်ခဲ့ကြသော်လည်း **(အပေါ်ပုံ)** ဒိုင်လူကြီးသုံးဦးတွင် နှစ်ဦးက တိုမက်ဇ်အား ၁၁၅-၁၁၃ နှင့် ၁၁၇-၁၁၃ မှတ်ဖြင့် အနိုင်ပေးခဲ့ကြပြီး ကျန်ဒိုင်လူကြီးတစ်ဦးက ၁၁၄-၁၁၄ မှတ်ပေးခဲ့သဖြင့် တိုမက်ဇ် အနိုင်ရရှိသွားခြင်း ဖြစ်သည်။

အနိုင်ရရှိသွားသည့် ပိုလန်နိုင်ငံသား တိုမက်ဇ်သည် အသက် ၂၈ နှစ်အရွယ်ရှိပြီး ယခုအချိန်အထိ လက်ဝှေ့ပွဲပေါင်း ၂၉ ပွဲထိုးသတ်ခဲ့ရာ ရှုံးပွဲမရှိ အနိုင်ရရှိထားသူဖြစ်ပြီး ပွဲ ၂၀ မှာ အလဲထိုးအနိုင်ယူထားသူလည်း ဖြစ်သည်။

ဩစတြေးလျမှ ပေါလ်ဘရစ်မှာ အသက် ၂၉ နှစ်အရွယ်ရှိပြီး ကမ္ဘာ့ကစ်ဘောက်ဆင် ချန်ပီယံဟောင်းတစ်ဦးဖြစ်သည်။ သူသည် ယခုအချိန်အထိ လက်ဝှေ့ပွဲပေါင်း ၂၃ ပွဲ ထိုးသတ်ခဲ့ရာ ၂၁ ပွဲနိုင်ပြီး နှစ်ပွဲရှုံးထားသည့် မှတ်တမ်းရှိသည့်အပြင် ၁၇ ပွဲမှာ ဒိုင်ပွဲရပ် အနိုင်ရရှိအောင် ထိုးသတ်ထားသူ ဖြစ်သည်။

(အမ်အင်အေ၊ဆင်ဟွာ)

အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ဆရာတော်အားပူဇော်

ရန်ကုန် မေ ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်သည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဂန့်ဂေါမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြို့မစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓအား ချီးကျူးပူဇော်ဂုဏ်ပြုသည့် ဂုဏဝိသိဋ္ဌပူဇာသဘင်အခမ်းအနားကို မေ ၈ ရက်တွင် ဂန့်ဂေါမြို့ သာသနာ့ဗိမာန်တော်၌ကျင်းပရာ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ **(သတင်းစဉ်)**

ခင်သီတာမျိုး(ခ)မျိုးမျိုးအတွက် မွေးနေ့ဆုတောင်း

၂၅-၅-၂၀၀၅ရက်မှာကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ် ၁၂၀တိုင် အေးချမ်းသာယာပြီး ပြည့်စုံသောဘဝကို ပိုင်ဆိုင်ပြီး မွေးနေ့ပေါင်းများစွာကို သူငယ်ချင်းများနဲ့ ပျော်ရွှင်စွာဆင်နွှဲနိုင်ပါစေ။

အချစ်ဆုံးသူငယ်ချင်းများ
မိတာ၊ချောစု၊ယု၊ကျော့၊ထိုက်ကြီး၊ဝင်းလှိုင်ထွန်း၊
စိုးသာ၊ဇေယျ၊ကိုကျော်စိုးနိုင်။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ (၆)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၁၄၅ နေ ဗိုလ်မှူး ကြီးမောင်(ငြိမ်း)-ဒေါ်ရီရီနှင်းတို့၏သား

ဗိုလ်ကြီးရဲဝင်းထွန်း

M.E (Civil), Ph.D (Candidate)

နှင့်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ ခြံအမှတ် (၉/၇၈)နေ ဦးတင်ဝင်း-ဒေါ်ညွန့်ညွန့်ဝေ "ဝင်းမိသားစု" (ကားပစ္စည်းစတိုး၊ အုတ်ရောင်းဝယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး)တို့၏ သမီး

မဖြိုးသူဇာဝင်း

B.Sc (Chemistry) (Q), M.Sc (Biochemistry) Year II

တို့၏ ၂၁-၅-၂၀၀၅ရက် (စနေနေ့)တွင် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်နှင့်ဇနီး ဒေါ်ခင်မလေး၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော ဒုတိယစစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းထွန်းနှင့် ဇနီး ဒေါ်သန်းညွှန့်(ဒုတိယညွှန်ကြားရေးမှူး၊ စွမ်းအင်စီမံရေးဦးစီးဌာန)တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မခိုင်သဇင်သော်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ကိုင်ဆောင်ပေးသော မငြိမ်းငြိမ်းအိ၊ သတို့သားအရန် ဗိုလ်ကြီးခွန်ထွန်းဖြူနှင့် ဗိုလ်ကြီးကျော်မိုးသွင်၊ သတို့သမီးအရန် မအိအိခင်နှင့် မသူဇာလွင်၊ အခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး သီချင်းသီဆိုပေးသော စိမ်းမို့မို့၊ မင်္ဂလာဝတ်စုံ ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ်ဆံပင် ပွင့်၊ လက်ဝတ်ရတနာဆင်မြန်းပေးသော အန်တီပေါက်၊ အန်တီသန်း၊ ဓာတ်ပုံနှင့်ဗီဒီယို စိုင်းဘုန်းထူး၊ မင်္ဂလာဧည့်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း Yuzana Garden Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးရဲဝင်းထွန်း-မဖြိုးသူဇာဝင်း။

မင်္ဂလာဦးဆုတောင်း

ဗိုလ်ကြီးရဲဝင်းထွန်းနှင့် ချစ်သူငယ်ချင်း **မဖြိုးသူဇာဝင်း(ဖြိုး)**တို့ရဲ့ ၂၁-၅-၂၀၀၅ရက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်တစ်ရာတိုင် သာယာချမ်းမြေ့သော ဘဝခရီးလမ်းကို ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ။

M.Sc (Biochemistry) Year II မှ ချစ်သူငယ်ချင်းများ
မဖြူ၊ ရည်မွန်၊ သီတာကြီး၊ သန္တာ၊ သီတာ၊ မြတ်သူဇာ၊
သက်အိနှင်းနု၊ နန္ဒာ၊ မာဝေ။

ပထမတန်း၊ဒုတိယတန်းနှင့်တတိယတန်း ဘောလုံးပြိုင်ပွဲများဆက်လက်ကျင်းပ

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး ကျင်းပသော ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ အမှတ်ပေး ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်း ဘောလုံးပြိုင်ပွဲများကို ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသော ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပသည်။

စမ်းချောင်းမြို့နယ် ပဒုမ္မာ အားကစားကွင်း၌ ကျင်းပသော ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် အား/ကာသိပ္ပံ(ရန်ကုန်)အသင်းနှင့်တပ်မတော်(ရေ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အား/ကာသိပ္ပံ(ရန်ကုန်) အသင်းက ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားကွင်း၌ ကျင်းပသော ဒုတိယတန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် ဥက္ကလာ(ခေါ်) ပုလဲနက်အသင်းနှင့်ငွေကြယ်ပွင့်လေးများအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ဥက္ကလာ(ခေါ်)ပုလဲနက်အသင်းက ခုနစ်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ ကျင်းပသော တတိယတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲတွင် လွန်းပျံအသင်းနှင့်ကြယ်ပွင့်လေးများ (ခ)အသင်းတို့ယှဉ်ပြိုင်ကစားကြရာ လွန်းပျံအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မသက်ဆိုင်တော့ပါ ကျွန်ုပ်တို့၏ညီအငယ်ဆုံး ကိုလှမျိုးသည် အစ်ကိုများ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အစ်ကိုများ လက်ခံခွင့်လွှတ်နိုင်ခြင်းမရှိသော ကိစ္စရပ်များကို မိမိသဘောအလျောက် ပြုမူဆောင်ရွက်ကာ နေအိမ်မှ အပြီးအပိုင်ဆင်းသွားပြီဖြစ်ပါသောကြောင့် ယနေ့မှစ၍ ညီအဖြစ် အသိအမှတ်မပြုတော့ဘဲ မသက်ဆိုင်တော့ပါကြောင်း၊ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးခင်မောင်ဝင်း၊ ဦးလှထွန်း၊ ဦးလှတင်၊ ဦးလှမြင့်။

အမည်ပြောင်း ပခုက္ကူမြို့ အလက-၃၊ သတ္တမတန်း(က)မှ အဖ ဦးဇော်မင်းဦး၏သမီး မမြတ်နိုးခင်အား ယနေ့မှစ၍ မမြတ်ဆုခင်ဟုပြောင်းလဲခေါ်ပါရန်။

မမြတ်ဆုခင်။

၁၃-၅-၂၀၀၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၄)တွင် ဦးဝင်းညွှန့် ၁၂/ဗဟန(နိုင်)၀၇၉၄၈၅၏ကြေညာချက်ပါ နေအိမ်ခြံမြေနှင့်ပတ်သက်၍ပြန်လည်ရှင်းလင်းကြေညာချက်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယလမ်း၊ အမှတ် ၃၉၄တွင် နေထိုင်သူ ဦးဝင်းမြင့် ၁၂/သဃက(နိုင်)၀၉၆၃၁၉၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်းရှင်းလင်းကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ် ၄၇၄ ဟုခေါ်တွင်သော နေအိမ်နှင့် နေအိမ်တည်ရှိရာ ဂရန်မြေကွက်မှာ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းမြင့် ၁၂/သဃက(နိုင်)၀၉၆၃၁၉ ပိုင်ဆိုင်သော နေအိမ်ခြံမြေဖြစ်ပြီး သမီးဖြစ်သူ မကြည်ကြည်သင်းမှာ အမည်ငှားသာလျှင်ဖြစ်ပါသည်။ အဆိုပါနေအိမ်ခြံမြေတွင် သမီးဖြစ်သူ မကြည်ကြည်သင်း မိသားစုအား နေထိုင်စေခဲ့ရာမှ မကြည်ကြည်သင်းသည် ဦးဝင်းမြင့်၏ ခွင့်ပြုချက်ဖြင့် နေအိမ်တွင်ထပ်ခိုးတင်ခဲ့သောကြောင့် အဆိုပါထပ်ခိုးအစိတ်အပိုင်းမှလွဲ၍ အမှတ် ၄၇၄ နေအိမ်နှင့် ခြံမြေမှာ ဦးဝင်းမြင့် ပိုင်ဆိုင်ပါကြောင်း ဦးဝင်းညွှန့်နှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးဝင်းမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်အေးကြူ M.A.,R.L
တရားရုံးချုပ်ရှေ့နေ(စဉ်-၁၉၅၄)
အမှတ် ၂၉၄(က)၊မင်းကြီးလမ်း၊အင်းစိန်မြို့။

အမည်ဖြည့်စွက်ခြင်း

အဖ ဒုတိယဗိုလ်မှူးကြီးကြည်ထွန်း ၁၂/မမတ(နိုင်)၁၂၈၀၉၅၏ သမီးဖြစ်သူ မအေးနန္ဒာထွန်း ၇/မလန(နိုင်)၀၇၀၁၃၉ အား ယနေ့မှစ၍ မအေးနန္ဒာထွန်း(ခ) မနှင်းပြည့်ဝင်းဟု ဖြည့်စွက်ခေါ်ပါရန်။

မအေးနန္ဒာထွန်း(ခ)မနှင်းပြည့်ဝင်း။

ဥကပ်နေသော ရေချိုပုစွန်တုပ်ကြီးများမဖမ်းရန် ပညာပေးနှိုးဆော်ချက်(၂/၉၇)

တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ဥကပ်နေသော (သို့) ဥနှင့် ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြစ်ချောင်း အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ၎င်းတို့မှမကြာမီ ထောင်ပေါင်းများစွာသော ပုစွန်များလည်း ပေါက်ဖွားလာတော့မည်ဖြစ်ပါသည်။

အကယ်၍ အဆိုပါ ဥကပ်နေသော(သို့) ဥနှင့် ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ ပုစွန်သားလောင်းများ မပေါက်ဖွားနိုင်တော့ပဲ မျိုးပြုန်းတီးရာလည်း ရောက်စေပါသည်။ ရေချိုပုစွန်များပေါများကြွယ်ဝလာစေရန် ယခုကဲ့သို့ ဥကပ်နေသော ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲဘေးမဲ့ပေးမှသာ ထုတ်လုပ်မှုအားမြင့်မားလာပြီး အမျိုးသားစီးပွားရေးဖွံ့ဖြိုးလာမည် ဖြစ်ပါသည်။

ဥကပ်နေသော(သို့)ဥနှင့် ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ရန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ်(၁/၉၂)ဖြင့် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၄၂၊ ၄၄၊ ၄၅ ပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆို အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန် ယခုကဲ့သို့သော ဥကပ်ရာသီချိန်တွင် ဖမ်းဆီးခြင်း မပြုဘဲ နေရာတိုင်းတွင် ဘေးမဲ့ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

ထူးခြားသည့် နေ့အပူချိန်များ

၂၄-၅-၂၀၀၅

မင်းဘူး၊ မကွေး

၄၂ ဒီဂရီစင်တီဂရိတ်

(၁၀၈ ဒီဂရီဖာရင်ဟိုက်)

ရန်ကုန်

၃၆ ဒသမ ၂ ဒီဂရီစင်တီဂရိတ်

(၉၇ ဒီဂရီဖာရင်ဟိုက်)



မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ကာတွန်း၊ပန်းချီနှင့်ပိုစတာပြိုင်ပွဲစစ်တွေမြို့တွင်ကျင်းပ

စစ်တွေ မေ ၂၃

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီ၊ ပိုစတာပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၈ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရခိုင်ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဝင်များ၊ စစ်တွေခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်မှ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ အဖွဲ့ဝင်၊ အသင်းဝင်များ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် ကျောင်းသူ ကျောင်းသားများ တက်ရောက်ကြသည်။**(ဝဲပုံ)**

အခမ်းအနားတွင် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရခိုင်ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်မင်းအောင်လှိုင် ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် သန်းထွန်းအောင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြိုင်ပွဲအားလှည့်လည်ကြည့်ရှုကြသည်။ ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ၊ ပိုစတာပြိုင်ပွဲများကို မေ ၁၉ရက်အထိ ကျင်းပကြောင်း သိရသည်။

(ခရိုင် ပြန်/

တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားနှင့်ခံတွင်းဆိုင်ရာပစ္စည်းများ ပေးအပ်လှူဒါန်း

တောင်ငူ မေ ၁၈

တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီး သွားနှင့်ခံတွင်းဌာနသို့ ငွေကျပ် ၁၀သိန်းတန်ဖိုးရှိ သွားနှင့်ခံတွင်းဆိုင်ရာ ကိရိယာပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မေ၁၂ရက် နံနက်ပိုင်းက ဆေးရုံခန်းမ၌ကျင်းပရာ တောင်ငူမြို့ (၂၁)ရပ်ကွက်နေ ဒေါ်ရင်မေက ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာရစ်ချဒ်ဘိုနီနှင့် သွားနှင့်ခံတွင်း အထူးကုဆရာဝန် ဒေါက်တာမြင့်တိုးတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကြသည်။ (ယာပုံ)

အလားတူ သွားနှင့်ခံတွင်းဌာနသို့ ရန်ကုန်မြို့မှ 3Q သွားပစ္စည်း Co., Ltd, Silver Lotus Co., Ltd.နှင့် SIMGEE Co.,Ltd. တို့က လည်း ဆေးပစ္စည်းနှင့် ကိရိယာ တန်ဖိုး ကျပ်ငါးသောင်းဖိုး လှူဒါန်းကြသည်။

အခမ်းအနားတွင် အလှူရှင် ဒေါ်ရင်မေက လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဆေးရုံအုပ်ကြီး ဒေါက်တာ ရစ်ချဒ်ဘိုနီနှင့် သွားနှင့်ခံတွင်း အထူးကုဆရာဝန် ဒေါက်တာမြင့်တိုး တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

(၁၀၃)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

လှိုင်ကော်မြို့တွင် ကန္ဒာရဝတီစာကြည့်တိုက်ဖွင့် ရေရှည်တည်တံ့ရေးဟောပြော၊ စာအုပ်များလှူဒါန်း

လှိုင်ကော် မေ ၁၈

လှိုင်ကော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှိုင်ကော်မြို့နယ်အတွင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်လျက်ရှိရာ ကန္ဒာရဝတီ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၀ရက်က မင်းစုရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းနှင့် မင်းစုရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ဦးစီးမှူးဒေါ်မြင့်သန်းဦးက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးဟောပြောကာ အလှူရှင်များက မဂ္ဂဇင်းမျိုးစုံ ၈၇၉အုပ်နှင့် ဂျာနယ်မျိုးစုံ ၄၈၃စောင်တို့ကို ပေးအပ်လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

တီးတိန်မြို့ ကျေးရွာမူလတန်းကျောင်း ရေရရှိရေး စိမ့်စမ်းရေသွယ်ဆောင်ရွက်

တီးတိန် မေ ၄

တီးတိန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ ရေရရှိရေးအတွက် မူလတန်းကျောင်းရှစ်ကျောင်းနှင့် ကျေးရွာနှစ်ရွာ ရေရရှိရေးကို ဆောင်ရွက်လျက်ရှိရာ မတ် ၂၇ ရက်က ဆွောင်းပီးကျေးရွာ မူလတန်းကျောင်း စိမ့်စမ်းရေသွယ်ယူခြင်းကို ဆောင်ရွက်နိုင်ခဲ့ရာ အဆိုပါ ကျေးရွာမူလတန်းကျောင်းရှေ့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့် ဆွောင်းပီးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထန်မွှန့်ပေါင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(မြို့နယ် ပြန်/ဆက်)

ကျုံပျော်မြို့၌ မြေသားလမ်းပြုပြင်

ကျုံပျော် မေ ၁၂

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ နယ်နိမိတ်အတွင်းရှိအထောင်မန်းကြာ၊ သာယာကုန်း၊ ကွင်းလျားနှင့် ပန်းစက္ကူမြေသားလမ်း အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်မှုကို မေ ၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးသန်းအေး ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင်က မြေသားလမ်း အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

(အပေါ်ပုံ)(မြို့နယ် စည်ပင်)

ရေစီးရေလာ ကောင်းမွန်ရေး

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မိုးရာသီရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဧပြီ၂၄ရက်က အမှုဆောင်အရာရှိ ကြီးကြပ်မှုဖြင့် ဦးစီးအရာရှိ ဦးမြင့်သန်း၊ ဒုတိယဦးစီးမှူး(ဈေး) ဦးတိုးမြင့်အောင်တို့ ခေါင်းဆောင်သော အဖွဲ့က မြို့မဈေးကြီးအတွင်း အပြင်ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

ပေါက်မြို့နယ်တွင် စက်ရေတွင်းတူးဖော်

ပေါက် မေ ၁၈

ပခုက္ကူခရိုင် ပေါက်မြို့နယ် သပွတ်စုကျေးရွာ တောင်ပေါ်ဘုန်းတော်ကြီးကျောင်းတွင် ပေါက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းအောင်နှင့် ဇနီးဒေါ်ဝင်းဝင်းသောင်း မိသားစုက လှူဒါန်းသောနှစ်လက်မစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ဧပြီ ၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးထွန်းစိုးနှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြကြောင်းသိရသည်။ **(အောက်ပုံ) (မြို့နယ် စည်ပင်)**

မြန်မာ့အသံ

၂၆-၅-၂၀၀၅(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (စတီးလ်ပစ္စည်းများ၏ အရည်အသွေးအကြောင်း)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)အနေဝေးပေမယ့် အဝေးနေမဟုတ်ပါ (အရှင်ဆန္ဒာဓိက၊ ရွှေပါရမီတောရ) (၂)တွေ့ရကြုံရကျွန်တော့်ဘဝ (တတိယတွဲ) (ပခုက္ကူဦးအုံးဖေ)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (ရှေ့လာမည့် နှစ် ၅၀ အကြောင်း) (ဒုတိယပိုင်း) (မောင်ဆုရှင်)

၁၂း၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ (မြောင်းမြဒယ်လေး)

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ

၁၇း၀၀ တပ်မတော်စာတိုက်

၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (အစုန်အဆန်) -ဟန်မျိုးစုံညီတေးကိုသီ (မိုးယံမှသည် ချစ်သူဆီသို့)

ကျောက်တံခါးမြို့တွင် အနေ့းယာဉ်များ လိုင်စင်သက်တမ်းတိုး

ကျောက်တံခါး မေ ၂၀

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွက် အနေ့းယာဉ်များဖြစ်သော ဆိုက်ကားနှင့် မြင်းလှည်းများ သက်တမ်းတိုး လိုင်စင်လဲလှယ် ဆောင်ရွက်ပေးခြင်းကို ဧပြီ ၃၀ ရက်မှ မေ ၁၃ ရက်အထိ ကျောက်တံခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဝင်း အတွင်း၌ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှု ဆောင်အရာရှိ ဦးကျော်ဆန်းထွန်းက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော ရာဇသင်္ကြန် ကတ္တရာလမ်းကို ဧပြီ ၂၃ ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

ကျိုင်းတုံမြို့နယ်တွင် သစ်ဆိမ့်ပျိုးပွဲတော်ကျင်းပ

ကျိုင်းတုံ မေ ၁၅

ရှမ်းပြည်နယ် (အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော သစ်ဆိမ့်ပျိုးပွဲတော်ကို မေ ၁၁ရက်က ကျိုင်းတုံမြို့နယ် ကျိုင်းဖောင်းကျေးရွာအနီး သစ်တောပျိုးဥယျာဉ်တွင် ကျင်းပသည်။

ပျိုးထုပ်အတွင်းထည့်သွင်း

အခမ်းအနားသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်း ဦးစီးသော ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များတက်ရောက်ကြပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းက အမှတ်တရ ကုံကော်ပင်စိုက်ပျိုးပြီး အမျိုးသမီးရေးရာအဖွဲ့ဝင်များမှ တပျော်တပါးသစ်ဆိမ့် မျိုးစေ့များအား ပျိုးထုပ်အတွင်းသို့ ထည့်သွင်းခဲ့ကြကြောင်း သိရသည်။**(အပေါ်ပုံ)** **(အမျိုးသမီးရေးရာ)**

အမြို့မြို့ အနယ်နယ် သတင်းများ

စာတိပေါင်းစုစေတီ ဌာပနာပိတ်ပွဲ အင်းတော်၌ကျင်းပ

အင်းတော် မေ ၁၂

အင်းတော်မြို့နယ် မိုးယူရွာ ဆည်ကြီးတောင်တောရ ဆရာတော် ဦးကုဏ္ဍာဝံသ၏ သွားတော်၊ အံတော်၊ အရိုးတော်၊ ဓာတ်တော်များ ဓာတ်ပေါင်းစုစေတီတော်ဌာပနာပိတ်ပွဲတော်ကို မေ ၃ရက် နံနက် ၉နာရီက အင်းတော်မြို့နယ် မိုးယူရွာ ဆယ်ကြီးတောင် တောရဆရာတော် ဦးကုဏ္ဍာဝံသ သီတင်းသုံးခဲ့ရာ ဆည်ကြီး တောင်တောရ ကျောင်းသခ်န်းအနီး ဓာတ်ပေါင်းစုစေတီတော်တွင် စည်ကား သိုက်မြိုက်စွာ ကျင်းပကြကြောင်း သိရသည်။ **(၁၃၃)**

ကြီးကြပ်ဆောင်ရွက်

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးဝေမှု ဖူလုံစွာ ရရှိရေး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်လျက်ရှိရာ မေ ၉ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှနှင့်တာဝန်ခံ အင်ဂျင်နီယာ ဒေါ်မြင့်မြင့်ကြိုင်တို့ မြို့မမင်းကျောင်းရေစင်မှ ရပ်ကွက်များအတွင်း ရေပေးဝေမှုကို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

မတ္တရာမြို့နယ်တွင် ကျန်းမာရေးအဆင့်မြှင့်တင် စီမံချက်လုပ်ငန်း လေ့ကျင့်ဆွေးနွေးပွဲ ကျင်းပ

မတ္တရာ မေ ၁၀

မတ္တရာမြို့နယ်အတွင်းရှိ နေ့ကလေးထိန်း သင်တန်းတက်ရောက်ပြီးသော မူကြိုကျောင်းဆရာမများအား ကျန်းမာရေးအဆင့်မြှင့်တင်မှု စီမံချက်လုပ်ငန်း လေ့ကျင့်ဆွေးနွေးပွဲကို မေ၂ရက်နံနက်ပိုင်းက မတ္တရာမြို့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ စိုင်းခမ်းအွန်က ဆွေးနွေးပွဲနှုတ်ခွန်းဆက်စကား ပြောကြားသည်။

လေ့ကျင့်ဆွေးနွေး

ဆွေးနွေးပွဲတွင် ကျန်းမာရေးဦးစီးဌာန ဗဟိုကျန်းမာရေးပညာဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သန်း ဦးဆောင်သောအဖွဲ့က မတ္တရာမြို့နယ်မှ မူကြိုနှင့်နေ့ကလေးထိန်းကျောင်း ဆရာမများအား ကျန်းမာရေးအဆင့်မြှင့်တင်မှုစီမံချက်လုပ်ငန်း လေ့ကျင့်ဆွေးနွေးကြကြောင်းသိရသည်။ **(၃၆၄)**

ကြံခင်းမြို့နယ်စည်ပင်သာ ယာ ရေး အဖွဲ့ပိုင် မြို့မဈေးအတွင်းရှိ ရေမြောင်းများတွင် ခြင်ဆေးဖျန်းခြင်း လုပ်ငန်း ဆောင်ရွက်ရာ မေ ၁၄ ရက်က မြို့နယ် စည်ပင်သာ ယာ ရေး အဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ပလင်ါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဧပြီ ၂၇ရက်က ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအေးမင်းတို့ တောင်ပေါ်ရေစုကန်မှ ပေါင်မြို့အတွင်းသို့ ရေဖြန့်ဝေပေးသော ရေပိုက်လိုင်းများ ပြုပြင်ရန် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (၂၆၀)

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်ပွဲ မိုးကောင်းမြို့နယ်တွင်ကျင်းပ

မိုးကောင်း မေ ၁၀

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ပညာ (ဆင့်ပွား) သင်တန်း အမှတ်စဉ် (၂/၂၀၀၅)ဖွင့်ပွဲကို မေ ၂ရက်နံနက် ၉နာရီက နမ္မတီးကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြည်နှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးမောင်မောင်တာတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးဝင်းအောင်တို့က စာကြည့်တိုက် ပညာရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပို့ချကြသည်။

တက်ရောက်

သင်တန်းသို့ ကျေးရွာလေးရွာမှ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **(၄၁၆)**

သရက်မြို့ ရေပေးဝေသော မိန်းပိုက်လိုင်းများ သွယ်တန်းမောင်းနှင်

သရက် မေ ၁၃

သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိဦးအောင်ကျော်ဟိန်းသည် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့်အတူ မေ ၇ ရက်က မြို့ရေပေးဝေလျက်ရှိသော မိန်းပိုက်လိုင်းများ သွယ်တန်းထားရှိမှုနှင့် ရေစက်ရုံအတွင်းရှိ မော်တာများ၊ ပန့်များဖြင့် မောင်းနှင်မှု အခြေအနေကို ကွင်းဆင်း စစ်ဆေးရာ လက်ရှိမြို့ရေပေးဝေမှုအခြေအနေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်း အင်ဂျင်နီယာ (၂) ဒေါ်ခင်မာမာဝင်းနှင့် ဦးမျိုးဝင်းထိုက်တို့က ရှင်းလင်းပြသကြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

(၅၉)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် မေ ၂၄

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန လက်ထောက်သုတေသနအရာရှိ လူမှုထူးချွန် (တတိယဆင့်) ဦးထွန်းရင် **(အပေါ်ပုံ)** သည် မေ ၂၂ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသားသွေးလှူဘဏ်တွင် (၅၉)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်းသိရသည်။ **(က-ပ)**

လပွတ္တာမြို့ တွဲဖက်အလယ်တန်းကျောင်းဆောင်သစ်နှင့် ကိုယ့်အားကိုယ်ကိုးလမ်းဖွင့်ပွဲ အခမ်းအနားကျင်းပ

လပွတ္တာ မေ ၂၃

ကျေးလက်ဒေသဖွံ့ဖြိုးရေးအဖြစ် လပွတ္တာမြို့နယ် ဖျာလိပ်ကျေးရွာ ငွေကျပ် သိန်း ၆၀ကျော်တန် ကိုယ့်အားကိုယ်ကိုးတွဲဖက်အလယ်တန်းကျောင်း ဆောင်သစ်ဖွင့်ပွဲနှင့် ငွေကျပ် ၃၉သိန်းကျော်တန် ကိုယ့်အားကိုယ်ကိုး သဲခင်းလမ်းဖွင့်ပွဲအခမ်းအနားကို မေ ၂၀ရက် နံနက် ၉နာရီက ဖျာလိပ်ကျေးရွာ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဟန်၊ မြို့နယ် ပညာရေးမှူး ဦးကျော်ရွှေ နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြ သည်။ **(အောက်ပုံ)**

လှည့်လည်ကြည့်ရှု

ဖွင့်ပွဲအပြီးတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန်နှင့်အဖွဲ့က ကျောင်းဆောင်သစ်နှင့် သဲခင်းလမ်းကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ (ဝ၅၇)

အမှတ် (၉၅၇) ဣန္နာ၁၂လမ်း (၄) ရပ်ကွက် မြောက်ဥက္ကလာပ နေ ဦးမြအောင် မိသားစုက အလှူငွေကျပ် တစ် သိန်း အား ဖြဟ္မဝိဟာရ ပရိယ တ္တိ စာ သင် တိုက် သု ဒ္ဒ သ န လမ်း ၁၆/၂ ရပ်ကွက် သ ဃ်န်းကျွန်း မြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အလုပ်အမှုဆောင် ဦးအောင်ကြွယ်စိုးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

လေးမျက်နှာမြို့တွင် ရေစီးကောင်းမွန်ရန် အမှိုက်နှင့်နုန်းဆယ်

လေးမျက်နှာ မေ ၁၉

လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမက်အာသာနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်စိုးတို့ ဦးဆောင်သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့်အတူ မေ၁၆ရက်က မိုးရာသီအကြို ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းများရှိ အမှိုက်များနှင့် နုန်းများ ဆယ်ယူခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

ပွင့်ဖြူမြို့ အရှေ့ပိုင်းရပ်ကွက်တွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို မေ ၉ ရက်က ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဝင်းက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)





ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်ကတ/၁၀၃၂ ယာဉ်လက်ဝယ်ရှိသူက(ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ရက်အတွင်း ကညန၊ ပြည်နယ်ရုံး (ကျိုင်းတုံ)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ပြည်နယ်ရုံး(ကျိုင်းတုံ)။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မက/၃၉၄၆၀ ယာဉ်လက်ဝယ်ရှိသူက (ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ ရက်အတွင်း ကညန၊ ခရိုင်ရုံး(မင်းဘူး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(မင်းဘူး)။

ပညာရေးဝန်ကြီးဌာန
အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
ဒီပလိုမာသင်တန်းများအတွက် သင်တန်းလျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန အမျိုးသားလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနမှ အောက်ဖော်ပြပါ ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်ပို့ချမည်ဖြစ်သဖြင့် သတ်မှတ်သည့် အရည်အချင်းပြည့်စုံသူများ အချိန်မီ လျှောက်ထားနိုင်ကြောင်း ကြေညာပါသည်။

စဉ်	ဒီပလိုမာသင်တန်းအမည်
၁။	Diploma in Software Engineering အမှတ်စဉ် (၂၂)
၂။	Diploma in Network Engineering အမှတ်စဉ် (၁၇)
၃။	Diploma in Hardware Engineering အမှတ်စဉ် (၁၇)

၂။ လျှောက်ထားရန် လိုအပ်သည့် အရည်အချင်းများ-

(က)ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်(သို့)အခြေခံပညာအထက်တန်းအဆင့် သင်ယူပြီးမြောက် ခြင်းလက်မှတ်ရရှိထားသူဖြစ်ရမည်။(လက်မှတ်မူရင်းနှင့် မိတ္တူ ပူးတွဲတင်ပြရန်)

၃။ အသေးစိတ်အချက်အလက်များကို အမျိုးသား လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရာစုသစ်အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ဗိုလ်တထောင်ဘုရားလမ်း (ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား) ဗိုလ်တထောင်မြို့နယ်၊ ဖုန်းအမှတ်-၂၉၁၉၁၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၄။ လျှောက်လွှာလက်ခံမည့်အစီအစဉ်-

(က) လျှောက်လွှာစတင်လက်ခံမည့်နေ့ရက်နှင့်လျှောက်လွှာပိတ်မည့်နေ့ရက်

(၁) Diploma in Software Engineering ၁-၆-၂၀၀၅ရက်နေ့မှ ၁၀-၆-၂၀၀၅ ရက်နေ့ထိ

(၂) Diploma in Network Engineering ၄-၇-၂၀၀၅ရက်နေ့မှ ၁၅-၇-၂၀၀၅ရက်နေ့ထိ

(၃) Diploma in Hardware Engineering ၁-၈-၂၀၀၅ရက်နေ့မှ ၁၀-၈-၂၀၀၅ရက်နေ့ထိ

အတွင်းရေးမှူး။

အမည်ပြောင်း

အထက ရွှေညောင် အဋ္ဌမတန်း(ခ)မှ မချစ်လဲ့ငယ်အား ယနေ့မှစ၍ **မချစ်လဲ့လဲ့ထွေး**ဟု ပြောင်းလဲခေါ်ပါရန်။

မချစ်လဲ့လဲ့ထွေး။

မျက်မမြင်သင်တန်းသားခေါ်ယူခြင်း

လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်း (ကြည့်မြင်တိုင်)နှင့် မျက်မမြင်ကျောင်း(စစ်ကိုင်း)တို့တွင် ၂၀၀၅-၂၀၀၆ပညာသင်နှစ်အတွက် စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားလိုသော မျက်မမြင် အမျိုးသား၊ အမျိုးသမီး (လူမျိုးဘာသာမရွေး) အောက်ပါစည်းကမ်းသတ်မှတ် ချက်နှင့် ညီညွတ်သူများ လျှောက်ထားနိုင်ပါသည်။

လက်ခံသည့်မျက်မမြင်အမျိုးအစား

၁။ လုံးဝမမြင်သူများ

၂။ အနည်းငယ်မြင်သူများ(အမြင်အား $\frac{၁}{၁၀}$ ထက်မပိုရ)

၃။ ကုသ၍မရနိုင်သည့် မျက်မမြင်များ

စည်းကမ်းချက်

၁။ စာပေနှင့်လက်မှုပညာများကို သင်ယူလိုစိတ်ရှိပြီး ကိုယ်စိတ်ကျန်းမာသူ ဖြစ်ရမည်။

၂။ အသက် ၆ နှစ်မှ ၁၈ နှစ်အတွင်း ဖြစ်ရမည်။

၃။ မိဘ(သို့မဟုတ်) အုပ်ထိန်းသူရှိရမည်။-

အထက်ပါအချက်အလက်နှင့် ပြည့်စုံသူများသည် လူမှုဝန်ထမ်းဦးစီးဌာန၊ မျက်မမြင်ကျောင်း အမှတ် (၁၃၂) ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင် ရန်ကုန်မြို့သို့လည်းကောင်း၊ မျက်မမြင်ကျောင်း မြို့သစ်ရပ်ကွက်၊ မရှိခဏဘုရားအနီး စစ်ကိုင်းမြို့သို့လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ပြည်နယ်၊ တိုင်း အသီးသီးရှိ လူမှုဝန်ထမ်းရုံးများမှ တစ်ဆင့်ဖြစ်စေ သတ်မှတ်ထားသော လျှောက်လွှာ ပုံစံများတောင်းယူ၍ လျှောက်ထားနိုင်ပါသည်။ သင်တန်းတက်ရောက်ခွင့်ရပါက သင်တန်းသား၏ စားဝတ်နေရေးအားလုံးကို နိုင်ငံတော်က တာဝန်ယူပါမည်။ ကျောင်းဝင်ကြေးနှင့် ကျောင်းလခပေးရန်မလိုပါ။ လျှောက်လွှာများကို ၂၀၀၅ခုနှစ် ဇွန်လ ၁ရက်နေ့မှစ၍ လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန ဖုန်း-၀၁-၆၆၃၃၉၂၊ကြည့်မြင်တိုင် မျက်မမြင်ကျောင်း ဖုန်း-၅၃၅၅၄၈၊ ၅၃၈၃၀၉ နှင့် စစ်ကိုင်းမျက်မမြင်ကျောင်း ဖုန်း-၀၇၂-၂၂၂၃၇များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာန။



အများသိစေရန်ကြေညာချက်

၁၉-၅-၂၀၀၅ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၈ပါ ရောင်းရန်ကြေညာထားသော(အော့ဖ်စက်) ဟာမာဒါ၉၀၀ CDX No ၁၅၀၀ကျော်နှင့် ပတ်သက်၍ မန္တလေးမြို့ ၇၉လမ်း ၂၉ x ၃၀ လမ်းကြား အမှတ် ၁၄၄ ရွှေဟန်သာ အော့ဖ်စက်ရှိ စက်ပစ္စည်းများနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ကွယ်လွန်သူမိဘများဖြစ်သော ဦးတင်-ဒေါ်ညွှန့်ညွှန့်တို့၏ လက်ထက်ပွားပစ္စည်းများဖြစ်၍ မောင်နှမများအားလုံးပိုင်ပစ္စည်းများဖြစ်ပါသည်။ ၎င်းပြင် တရားမကြီးမှုအမှတ် ၂၇၁/၂၀၀၃တွင် အကျုံးဝင်ပတ်သက်နေသော ပစ္စည်းများဖြစ်နေပါ၍ မောင်နှမများ၏ သဘောတူခွင့်ပြုချက်မရဘဲ တစ်ဦးတစ်ယောက်တည်း၏ သဘောဖြင့် တစ်ဆင့် ပေါင်နှံ၊ လွှဲပြောင်း၊ ရောင်းချ၊ ပေးကမ်းလှူဒါန်းခြင်း လုံးဝမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာ ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်ခင်ရွှေ WMDY-၃၃၄၄၅၅။

ဒေါ်မြသန်း WMDY-၃၃၄၄၅၄။

အမည်ပြောင်း

မအူပင်မြို့နယ် အထက(၁) တတိယတန်း (A)မှ ဦးလှဟန်၏ သမီးမယဉ်မွန်မြတ်အား **ဆုမြတ်မွန်**ဟု ပြောင်းလဲခေါ်ပါရန်။

မဆုမြတ်မွန်။

အမည်ပြောင်း

အလက(၆) မြစ်ကြီးနား အဋ္ဌမတန်း(က)မှ ဦးကျော်ဇေယျ၏ သမီး မချစ်ယုမော်ကို **ကြယ်စင်ယုမွန်**ဟု ပြောင်းလဲခေါ်ပါရန်။

မကြယ်စင်ယုမွန်။

ဖခင်အမည်မှန်

အထက(၃) ဗဟန်း သတ္တမတန်း (ခ)မှ မဒိန်ခန်ဇမီဆာရ်းနှင့် ပဉ္စမတန်း (က)မှ မောင်ဒိန်ခန်ဂျုံရမ်တို့၏ ဖခင်အမည်မှန်မှာ ဦးဒိန်ခန်ဆင်တန်ဖြစ်ပါသည်။

ဦးဒိန်ခန်ဆင်တန်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်ဗ/၃၃၄၁ လက်ဝယ်ရှိသူက မော်တော်ယာဉ်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများ (၁၅)ရက်အတွင်း ကညန၊ ပြည်နယ်ရုံး (လားရှိုး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ပြည်နယ်ရုံး(လားရှိုး)။

ပဲပုပ်၊ နေကြာ၊ အစေ့ထုတ်ပြောင်း စံပြကေ ၁၀၀ စိုက်ခင်း လုပ်ငန်းဆောင်ရွက်မှုများ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၄

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ၁၉ရက် နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ်စခန်းရုံး မိသားစုများ၏ ပဲပုပ်၊ နေကြာ၊ အစေ့ထုတ်ပြောင်း စံပြကေ၁၀၀စိုက်ခင်းသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

လှည့်လည်ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးဒီဂရီကောလိပ်၊ အစိုးရနည်းပညာကောလိပ်နှင့် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းတို့၌ ကျင်းပသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ပိုစတာပြိုင်ပွဲ အခမ်းအနားများသို့ သွားရောက်၍ ပြိုင်ပွဲဝင်များအား လှည့်လည်ကြည့်ရှု အားပေးသည်။

စာမျက်နှာ ၈ ကော်လံ ၅ ●

ချောင်းသာပင်လယ်ပြင်၌ လေ့ကျင့်

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အောင်မြင်မှု ရရှိရေးအတွက် မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားသမားများ ချောင်းသာပင်လယ်ပြင်၌ ဤသို့ပြင်ဆင်လေ့ကျင့်လျက်ရှိကြသည်။

(ရွက်လှေအဖွဲ့ချုပ်)

လှိုင်းလေများကြား၌လေ့ကျင့်

ချောင်းသာပင်လယ်ပြင်၏လှိုင်းလေများကြား၌ မြန်မာလူငယ်လက်ရွေးစင် ရွက်လှေအားကစားသမားများ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ အောင်မြင်မှုပန်းတိုင် စိုက်ထူနိုင်ရေးအတွက် အပြင်းအထန်လေ့ကျင့်လျက်ရှိသည်ကို ဤသို့တွေ့ရသည်။

(ရွက်လှေအဖွဲ့ချုပ်)

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေး မြန်မာ့ရွက်လှေအားကစားသမားများ ချောင်းသာ၌လေ့ကျင့်

ရန်ကုန် မေ ၂၄

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ၂၀၀၅ခုနှစ် နိုဝင်ဘာ၂၇ရက်မှ ဒီဇင်ဘာ၅ရက်အထိကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးရည်ရွယ်၍ မြန်မာနိုင်ငံရွက်လှေအားကစားအဖွဲ့ချုပ်၏စီစဉ်မှုဖြင့် မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားမောင်မယ်များသည် ချောင်းသာပင်လယ်ပြင်၌ ကြိုတင်ပြင်ဆင်လေ့ကျင့်လျက်ရှိကြသည်။

လေ့ကျင့်သင်ကြားပေး

ချောင်းသာပင်လယ်ပြင် လေ့ကျင့်ရေးအစီအစဉ်၌အသက် (၁၅)နှစ်အောက် Optimist Class နှင့်အသက် (၁၉)နှစ်အောက် International 420 Class တို့ကို လေ့ကျင့်ပေးလျက်ရှိသည်။ အသက် (၁၅)နှစ်အောက် Optimist Class ၌ အမျိုးသား၊ အမျိုးသမီး၂၀ ပါဝင်ပြီး ဧပြီ၂၀ရက်မှ မေ၂၀ရက်အထိ ဒိန်းမတ်နိုင်ငံမှ နည်းပြဆရာ Mr. Poul Evers က လေ့ကျင့်သင်ကြားပေးခဲ့သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ❐

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

ဒေသဖွံ့ဖြိုးရေး အစီအမံများကို တစ်နိုင်ငံလုံး ဖြန့်ကြက်စီမံဆောင်ရွက်ပေးလျက်ရှိရာ၌ လမ်း၊ တံတားများ ဒေသအသီးသီးတွင် ပေါ်ထွက်လာသဖြင့် နိုင်ငံတော်က မျှော်မှန်းထားသော လမ်းပန်းဆက်သွယ်ရေးအစီအမံများမှာလည်း တဖြည်းဖြည်းချင်း ရုပ်လုံးပေါ်ပြည့်စုံလာပြီဖြစ်သည်။

ခေါင်းကြီး(စာ-၂)

လူမှုရေးအလှူဒါနသည် နိုင်ငံတော်ကချမှတ်ဆောင်ရွက်နေသည့် လူမှုရေး ဦးတည်ချက်လေးရပ်ကို တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကိုလည်း အထောက်အကူပြုပါသည်။

ဦးမောင်မောင်စိုးတင့်(အငြိမ်းစားသံအမတ်ကြီး)၏ ဆောင်းပါး (စာ-၁၀)

ဆိုင်ကယ်ကို ဦးခေါင်းဖြင့် မ နိုင်သူ

မော်တော်ဆိုင်ကယ်တစ်စီးကို ဦးခေါင်းမော့ပြီး မထားနေသူ တစ်ဦးကို တွေ့ရစဉ်။ **(ယာပုံ)**

ဖလော်ရီဒါပြည်နယ် ကီးဝက် မြို့ တွင် ဖရင့်ဆီမွန် ဆိုသူ အမျိုးသားတစ် ဦး သည် မော်တော် ဆိုင်ကယ်တစ်စီးကို ဦးခေါင်းပေါ်တင်ကာ အောက်သို့ ပြုတ်မကျအောင် အချိန်ကြာမြင့်စွာ ထိန်းထားနိုင်ကြောင်း စွမ်းရည်ပြသခဲ့သည်။ **(အေပီ)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဒေါ်လာခုနစ်သိန်းတန် ကျောက်လည်ဆွဲ

တန်ဖိုးကြီးမားသော ကျောက်မျက်များဖြင့် ပြုလုပ်ထားသည့် ကျောက်လည်ဆွဲတစ်ခုကို တွေ့ရစဉ်။ **(အောက်ပုံ)**

အဆိုပါ ကျောက်လည်ဆွဲကို တရုတ်နိုင်ငံရှိ ရှန်ဟိုင်း နိုင်ငံတကာဆိုင်ရာ ကျောက်မျက်ပြပွဲခြင်း၌ ခင်းကျင်းပြသထားခြင်းဖြစ်ပြီး ယင်းကျောက်လည်ဆွဲကို တောင်အမေရိကမှ တန်ဖိုးကြီးမားသောတွင်းထွက်ကျောက်များဖြင့် ပြုလုပ် ထားရာ ဒေါ်လာ ခုနစ်သိန်းခန့် တန်ဖိုးရှိကြောင်း သိရသည်။

(ရိုက်တာ)